မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ ပွင့်ရာဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ ပင်စိုက်ပျိုးပွဲ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၂၁

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တည်ထားကိုးကွယ်မည့်ကုန်းတော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ စိုက်ပျိုးပေးသည်။

ပါဝင်စိုက်ပျိုး

အဆိုပါပွင့်တော်မူရာ ဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ဒုတိယဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ တက်ရောက်၍ ပါဝင်စိုက်ပျိုးပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာဗောဓိပင် ၂၈ ပင်နှင့် ဗောဓိညောင် ၁၀၈ ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် အမှတ်(၁)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇူလိုင် ၂၂ ရက်)

တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးရေး ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်

နိုင်ငံတော်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရန် နှစ်၃၀ အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

လူတိုင်း သက်တမ်းစေ့နေထိုင်နိုင်ရေးနှင့် ရောဂါဘယကင်းရှင်းစေရေး ရည်မှန်းချက်များနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြှင့်တင်ပေးလျက်ရှိသည်။

ထို့အတူ နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့ဖြည့်ဆည်းပေးနေသည်။

တစ်ပြိုင်တည်းတွင် နိုင်ငံတော်က ဆေးပညာခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးတက္ကသိုလ်နှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

အဖြစ်များလာသော ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ အဆုတ်ရောဂါနှင့် ငှက်ဖျားရောဂါ စသည့်ရောဂါများကို အမျိုးသားရေးအသွင်ဖြင့် ကာကွယ်တိုက်ဖျက် တားဆီးလျက်ရှိသည်။

အဆိုပါရောဂါများကို တိုက်ဖျက်ရာတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီကိုရယူပြီး ကျန်းမာရေးအသိပညာပေးမှုလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသကဲ့သို့ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ ကြံ့ခိုင်မှုရှိစေရန်အတွက် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများက ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ထမ်းဆောင်လျက်ရှိကြသည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၁၀)ရပ်ကွက် နှယ်သာကီလမ်း အမှတ်(၁၈၃)နေ ဘိုးဘွားမိဘများအား အမှူးထား၍ ဒေါက်တာဦးတင်အောင်အေး-ဒေါ်ခင်ဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကို၊ ဦးအေးမြင့်နှင့် ဦးအုန်းကြိုင်တို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၅ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ဝတ်စားဆင်ယင် လှစေချင်
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၄၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **တောရဆောက်တည် လယ်တီအစ**
၂၀။ မွေးမြူသုတ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း -၁၁)

လသာမြို့နယ်သိရီသုခဓမ္မာရုံ အထူးတရားသင်တန်း ပို့ချမည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့ လသာ (၁)ရပ်ကွက် အမှတ် ၄၅ /၁၈လမ်း သိရီသုခဓမ္မာရုံကြီး၌ ဝါတွင်းကာလဥပုသ်နေ့တိုင်း နံနက်၁၀နာရီတွင် သီလပေးအလုပ်သင်တရားနှင့် မွန်းလွဲ၁နာရီတွင် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းတရား၊ ညနေ ၃နာရီတွင် သစ္စာလေးပါး တရားတော်များကို အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇ ဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

မည်သူမဆို တရားနာယူနိုင်ကြောင်းနှင့် တရားနာပရိသတ်များအား နေ့လယ်စာအာဟာရဒါနများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့် ကျေးရွာများသို့ အထူးကုဆရာဝန်ကြီးများကွင်းဆင်း ကျန်းမာရေးစောင့် ရှောက်မှုပေး

ရန်ကုန် ဇူလိုင် ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ကျန်းမာရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် အဖွဲ့ခေါင်းဆောင်သမားတော် ဒေါက်တာကျော်လွင်ဦး၊ ကလေးအထူးကုဆရာဝန် ဒေါက်တာအောင်မျိုးထွန်း၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန် ဒေါက်တာဆွေဆွေဝင်း၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာမျိုးအောင်ကျော်နှင့် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာဇော်ဝင်းတို့ ပါဝင်သော အထူးကုဆရာဝန်များအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာ ၂၉ရွာသို့ တိမ်ခိုးဆေးသင်္ဘောဖြင့် ဇူလိုင်၅ရက်မှ၁၉ရက်အထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသမှုအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများတွင် ကလေးလူနာ ၈၂၃ဦး၊ မျက်စိဝေဒနာရှင် ၃၃၂ဦး၊ သွားရောဂါဝေဒနာရှင် ၂၆၉ဦး၊ စိတ်စွမ်းအားမြှင့်တင်ကုသမှု ၂၇၀နှင့် အထွေထွေရောဂါဝေဒနာရှင် ၂၅၅၅ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖခင် ဦးသိန်းထွန်း-မိခင်ဒေါ်တင်ဥတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၂၇နေ ဦးလှမော်-ဒေါ်သန်းသန်းမော်၊ သမီး မမွန်မြတ်မော်၊ မအိမြတ်မော် မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်း ဆီ ကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၂၀ရက်က ကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်ချမ်းမြေ့အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်လေးလေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၂၃)

ရွှေပြည်ဟိန်းဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းတိုက် နာယက ပိဋကတစ်ပုံခွဲဆောင် ဓမ္မကထိက ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်) ဆရာတော် အရှင်သူမြတ်က (ဝါဆိုလပြည့်ကျော်၈ရက်) ဇူလိုင်၂၅ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

လှူဖွယ်ဝတ္ထုများဆက်ကပ်မည်

ထို့နောက် ယောဂီပရိသတ်များက ဆရာတော်အား ဝါဆိုသင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်မည်ဟု သိရသည်။ (က-ပ)

● ရေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော အဖွဲ့ဝင်များသည် မင်္ဂလာအချိန် နံနက် ၉ နာရီ ၉ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ ပွင့်တော်မူရာဗောဓိပင် ၂၈ပင် စိုက်ပျိုးမည့် သတ်မှတ်နေရာများ၌ အသီးသီးနေရာယူကြသည်။

စိုက်ပျိုးပေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှတ်(၁)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှတ်(၂)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှတ်(၃)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှတ်(၄)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှတ်(၅)နေရာ၌ သတ်မှတ်အပင်ကိုလည်းကောင်း အသီးသီး စိုက်ပျိုးပေးကြသည်။

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးကာ၊ ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း၊ မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

သတ်မှတ်အပင်စိုက်ပျိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် အမှတ်(၂)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် အမှတ်(၃)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ယင်းနောက် ပွင့်ရာဗောဓိဥယျာဉ်တော်အတွင်းရှိ ကျန်ရှိသောနေရာများတွင် မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက သတ်မှတ်နေရာများ၌ သတ်မှတ်အပင်များကို တစ်ပြိုင်နက် စိုက်ပျိုးပေးကြသည်။

ဗောဓိညောင်စိုက်ပျိုး

ထို့အတူ မင်္ဂလာအချိန်တွင်ပင် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ဗောဓိညောင်စိုက်ပျိုးမည့် သတ်မှတ်နေရာများ၌လည်း ဗောဓိညောင် ၁၀၈ပင်ကို ပြည်နယ်နှင့်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြို့တော်ဝန်များနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများက တစ်ပြိုင်နက်တည်း စိုက်ပျိုးပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှတ်(၄)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ပွင့်ရာဗောဓိဥယျာဉ်တော်၌ မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာ ဗောဓိပင် ၂၈ပင်နှင့် ဗောဓိညောင် ၁၀၈ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် အမှတ်(၅)နေရာ၌ သတ်မှတ်အပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဦးကျော်အောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ပါမောက္ခများ၊ ဌာနကြီးမှူးများ၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အရာရှိကြီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးသည် သင်တန်းတက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယနေ့ဖွင့်လှစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အထူးမွမ်းမံသင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ၂၄၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အနတ္တလက္ခဏာမြတ်ဓမ္မသုတ်တော်

❁ ဗုဒ္ဓမြတ်စွာ
မဟာသက္ကရာဇ်၊ တစ်ရာ့သုံးခု
ဉတုဝဿန်၊ ဝါဆိုလပြည့်
ကြာသပတေး၊ မိဂဒါဝုန်
တောရဂုံတွင်၊ ကောဏ္ဍည,ဝပ္ပ
ဘဒ္ဒိယ, မဟာနာမ်၊ ထေရ်ပျံ့အဿဇိ
ဝဂ္ဂီပဥ္စ၊ ထိုငါးဝအား
တရားဦးဓမ္မစက်၊ ဟောမြွက်ခဲ့ရာ
သောတာပန်တည်ကြ၊ လေးဝသစ္စာ
မှန်စွာထွန်းလက်၊ ဓမ္မစကြာ
ရတနာတရားဂုဏ်ရည်တည်း....။

❁ ဓမ္မစကြာ၊ ဟောပြီးခါစ
ဝါဆိုလ၏၊ လပြည့်ပြီးနောက်
ငါးရက်မြောက်သော်၊ ရှင်တော်ဗုဒ္ဓ
အနတ္တလက္ခဏ၊ သုတ်ဓမ္မကို
ဟောပြပြန်လျှင်၊ ပဥ္စဝဂ္ဂီ
မထေရ်ငါးဖြာ၊ ကိလေသာအာသဝ
ကင်းကွာကြကာ၊ ရဟန္တာဘဝ
အရဟတ္တဖိုလ် ဆိုက်လေ၏....။

❁ အနတ္တလက္ခဏ၊ သုတ်ဓမ္မစစ်
နှစ်သက်ဖွယ်ရာ၊ ဒေသနာကို
မြတ်စွာဇိနေ၊ ဟောဖော်ပြသည်
အနန္တကျေးဇူးဂုဏ်ရည်တည်း....။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၇-၂၀၀၈ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၀ ၅။ **မီးမီးရဲ့ဆုံးဖြတ်ချက်**
နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဉ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်
[ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၈း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၀၀ ၇။ အတီးပြိုင်ပွဲ
၅း၁၀ ၈။ ပတ်ဝန်းကျင်တည်တံ့ခိုင်မြဲရေး ဒီရေတောများဝိုင်းဝန်း ထိန်းသိမ်းပေး
၅း၂၀ ၉။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၁၄)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၁၄)

မြန်မာနိုင်ငံ၌ ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ တရားဝင်ထုတ်ပြန်သည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်ဖွဲ့စည်းထားသော သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်မှုများနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အသုံးပြုမည့်အချက်အလက်များ ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ (PONJA- REPORT) တရားဝင်ထုတ်ပြန်သည့် အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ ပါတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး၊ နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ**(အပေါ်ပုံ)**၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အဆင့်မြင့်အာဆီယံတာဝန်ခံ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Robert Chua Hian Kong၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး မစ္စတာ ဘီရှိုးပါရာဂျူလီနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ရုံးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးတို့မှ Mr. Nikolas Win Myint တို့က နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ အစီရင်ခံစာ(PONJA-REPORT) ထုတ်ပြန်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၄၁)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်၍ ယင်းအစီရင်ခံစာကို အလားတူ တရားဝင်ထုတ်ပြန်သည့်အခမ်းအနားတစ်ရပ်ကို စင်ကာပူဒေသစံတော်ချိန် ညနေ၆နာရီတွင် တစ်ချိန်တည်းကျင်းပကြောင်း သိရှိရသည်။

ဆန်းစစ်အကဲဖြတ်

ဇွန်၂ရက်နှင့် ၃ရက်တို့တွင် မြန်မာအစိုးရ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်၂၅၀ကျော်ပါဝင်သည့် ဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ဝင်များသည် ယခုအစီရင်ခံစာကို ရေးသားထုတ်ဝေရန်အတွက် ဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာ လမ်းညွှန်လေ့ကျင့်မှုအစီအစဉ်ကို ပါဝင်တက်ရောက်ခဲ့ကြသည်။

ရေးသားပြုစု

ထို့နောက် ၎င်းတို့သည် မုန်တိုင်းဒဏ်ခံရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ မြို့နယ် ၃၀ တို့သို့ ဇွန်၁၀ရက်မှ ၁၉ရက်အထိ ကွင်းဆင်းစစ်တမ်းများ ကောက်ယူခဲ့ကြသည်။ ရရှိသည့်အချက်အလက်များအပေါ် အခြေပြု၍ မြန်မာနိုင်ငံ၊ကုလသမဂ္ဂနှင့်အာဆီယံတို့မှ ကျွမ်းကျင်သူများက ယခုအစီရင်ခံစာကို စုပေါင်းရေးသားပြုစုခဲ့ခြင်းဖြစ်သည်။

ဖြန့်ဝေ

အဆိုပါအခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများနှင့် အခြား NGO၊ INGO အဖွဲ့အစည်းများသို့ ယင်းအစီရင်ခံစာကို ဖြန့်ဝေပေးသည်။ **(သတင်းစဉ်)**

မက္ကဆီကိုပင်လယ်ကွေ့မှ ဧရိယာကျယ်ပြန့်လာသည့် သေမင်းတမန်ဇုန်



ဝါရှင်တန် ဇူလိုင် ၂၁

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများရှိ သေမင်းတမန် ဇုန်များအနက် မက္ကဆီကိုပင်လယ်ကွေ့ရှိ သေမင်းတမန်ဇုန် (အပေါ်ပုံ)မှာ တဖြည်းဖြည်း ဧရိယာကျယ်ပြန့်လာနေကြောင်း အမေရိကန် နိုင်ငံ လူဝီစီယားနားတက္ကသိုလ်မှ အဏ္ဏဝါဗေဒသိပ္ပံပညာရှင်များက ဇူလိုင်၂၁ရက်၌ သတိပေး ပြောကြားလိုက်သည်။

မက္ကဆီကို ပင်လယ်ကွေ့ အရှေ့ဘက်ပိုင်းရှိ ရေပြင်အကျယ်အဝန်း စတုရန်းမိုင် ၈၀၀၀ခန့်သည် ပင်လယ်ကူးသင်္ဘောများ၊ ကုန်တင်သင်္ဘောများ ဖြတ်သန်းသွားလာရာတွင် တိမ်းမှောက်ပျောက်ဆုံးမှုရှိသည့်အပြင် ပင်လယ်ပျော်သတ္တဝါများ သေဆုံးမှုများပြားသော နေရာတစ်ခုအဖြစ် သတ်မှတ်ထားခဲ့သည်။

သေဆုံးမှုဖြစ်ပေါ်

ယခုအခါ ၎င်းသေမင်းတမန်ဇုန်၏ ရေပြင်အကျယ်အဝန်းမှာ စတုရန်းမိုင် ၈၈၀၀အထိ ကျယ်ပြန့်လာကြောင်း၊ ၎င်း ရေပြင်တွင် အောက်ဆီဂျင်ဓာတ်ပါဝင်မှု နည်းပါးနေသဖြင့် ပင်လယ်နေသတ္တဝါများ သေဆုံးမှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သိရသည်။

မုန်တိုင်းများ ကျရောက်

ထို့အပြင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် မက္ကဆီကို ပင်လယ်ကွေ့၌ မုန်တိုင်းများ ကျရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် များလာကြောင်း၊ ယခုနှစ် မုန်တိုင်းရာသီ၌ပင် မက္ကဆီကို ပင်လယ်ကွေ့၌ မုန်တိုင်း ၁၁ကြိမ် တိုက်ခတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

အဏ္ဏဝါဗေဒသိပ္ပံ

အင်တာနက် ကျန်းမာရေး

ငယ်ရွယ်စဉ် အဝလွန်နေသောကလေးငယ်များ အသက်အရွယ်ရလာသည့်အခါ ကင်ဆာနှင့်အယ်လ်ဇိုင်းမားရောဂါများ ခံစားရဖွယ်ရှိ

နယူးယောက် ဇူလိုင် ၂၁

အဝလွန်သောမိခင်များမှ မွေးဖွားလာသောရင်သွေးငယ်များသည် အရွယ်ရောက်သည့်အခါ အဝလွန်သူများဖြစ်လာကြပြီး ကြီးရင့်သည့်အရွယ်၌ ကင်ဆာရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါများခံစားရနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၂၀ရက်၌ ပြောကြားသည်။

လေ့လာတွေ့ရှိ

အဝလွန်သော မိခင်များ၏ မျိုးဗီဇဆဲလ်များသည် ရင်သွေးငယ်များထံ ရောက်ရှိပြီး အဝလွန်ကလေးငယ် (ဝဲပုံ) ဖြစ်လာကြခြင်းဖြစ်ကြောင်း၊ ထိုသို့သော ဆက်နွယ်မှုကို မိမိတို့ လေ့လာတွေ့ရှိခဲ့ရကြောင်း အဝလွန်မှုဆိုင်ရာ နိုင်ငံတကာ သတင်းဂျာနယ်တွင် အမေရိကန်သုတေသနပညာရှင်များက ဖော်ထုတ်ဖော်ပြထားသည်။

ထို့အပြင် အဝလွန်မှုကြောင့် ကိုယ်ခန္ဓာအတွင်း ဇီဝဖြစ်စဉ်များပြောင်းလဲကာ ပုံမှန်သွေးလည်ပတ်မှုကိုလည်း ထိခိုက်စေရာမှ အသက်အရွယ် ကြီးရင့်လာသည့်အခါ ကင်ဆာရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါများ ဖြစ်ပွားနိုင်ကြောင်း ၎င်းတို့၏ လေ့လာတွေ့ရှိချက်၌ ဖော်ပြသည်။

လျှော့ချသင့်

ထို့ကြောင့် မိခင်များအနေဖြင့် ကိုယ်ဝန်မဆောင်မီ ကိုယ်အလေးချိန်လျှော့ချသင့်ကြောင်းအမေရိကန်သုတေသနပညာရှင်များက အကြံပြုတိုက်တွန်းထားသည်။ **(အင်တာနက်)**

အစိကကျသည့်အငြင်းပွားဖွယ် နျူကလီးယားပြဿနာ အိန္ဒိယတွင် အချေအတင် စကားစစ်ထိုးပွဲ စတင်ပြီ

နယူးဒေလီ ဇူလိုင် ၂၁

အိန္ဒိယနိုင်ငံသည် ရွေးကောက်ပွဲ ဆောလျင်စွာ ကျင်းပနိုင်ရေးကို ယခုသီတင်းပတ်အတွင်း အဖြေရှာမည်ဟုဆိုသည်။ လက်ဝဲပါတီများ၏ ထောက်ခံမှုကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီးနောက် အိန္ဒိယအစိုးရသည် ပါလီမန်တွင် ရွေးကောက်ပွဲကျင်းပရေး ယုံကြည်မှုကိုတည်ဆောက်ရန် ဖိအားပေးမှု ခံခဲ့ရသည်။

နီးကပ်လာ

လက်ဝဲပါတီများသည် အမေရိကန်နှင့် အိန္ဒိယအစိုးရ၏ အငြင်းပွားဖွယ် နျူကလီးယားစာချုပ်နှင့်ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြနေကြသည်။ နျူကလီးယားအရေးနှင့်စပ်လျဉ်းပြီး နှစ်ရက်တာ ပါလီမန်စကားစစ်ထိုးပွဲကို ဇူလိုင်၂၁ရက်က စတင်ကျင်းပခဲ့ပြီး အောင်မြင်မှု ရမရကို ရှင်းလင်းစွာ မသိရသေးသော်လည်း လေ့လာဆန်းစစ်သူများက ရွေးကောက်ပွဲကျင်းပရေး အလွန်နီးကပ်လာပြီဟု ယူဆကြသည်။

မတင်မကျ

နိုင်ငံရေးအမြတ်ထုတ်မှုနှင့် လက်နက်ကိုင်ဖိအားပေးမှုများဖြင့် ရက်ပေါင်းများစွာ ကုန်လွန်ဖြတ်သန်းခဲ့ပြီးနောက် အိန္ဒိယအစိုးရနှင့် အတိုက်အခံပါတီများအကြားအခြေအနေသည် စကားစစ်ထိုးပွဲသို့ ဦးတည်နေသော်လည်း မည်သူ အနိုင်ရမည်ဆိုသည်မှာ မတင်မကျအခြေအနေတွင် ရှိနေဆဲပင် ဖြစ်သည်။

(အင်တာနက်)

မီးတောင်စောင့်ကြည့်ရေးဌာန ချီလီ၌ တည်ဆောက်မည်

ဆန်တီရာဂို ဇူလိုင် ၂၁

ချီလီနိုင်ငံတွင် မီးတောင် ပေါက်ကွဲမှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် မီးတောင်စောင့်ကြည့်ရေး ဗဟိုဌာနသုံးခုကို အမေရိကန်ဒေါ်လာ ၃၁သန်း အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း အမျိုးသား ဘူမိဗေဒဌာနက ဇူလိုင် ၂၀ရက်တွင် ပြောကြားသည်။

ခန့်အပ်တာဝန်ပေး

မီးတောင်စောင့်ကြည့်ရေး ဗဟိုဌာနများကို ငါးနှစ်အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကာ ကျွမ်းကျင်ပညာရှင် ၄၀ကို တာဝန်ပေးမည် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ချီလီနိုင်ငံသည် မီးတောင်လှုပ်ရှားမှုအများဆုံးနိုင်ငံ ဖြစ်သည်။ ချီလီနိုင်ငံအတွင်း မီးတောင် ၁၂၂ ခုရှိသော်လည်း မီးတောင်ရှစ်ခုကိုသာ အနီးကပ်စောင့်ကြည့်ရန်လိုအပ်ကြောင်း သိရသည်။

(အင်တာနက်)

အကြံပြုလိုက်ပုံက.... ဘဝအမောပြေ

ကုမ္ပဏီပိုင်ရှင်သူဌေး၏ မော်တော်ယာဉ်ပျောက်ဆုံးသွားသဖြင့် မည်သို့ဆောင်ရွက်ရမည်ကို သူ၏ မန်နေဂျာများနှင့် ဆွေးနွေးရာ.....

သူဌေး ။ ။စီမံမန်နေဂျာ...အကြံဉာဏ်ပေးပါဦး။

စီမံမန်နေဂျာ ။ ။ရဲစခန်းကိုအကြောင်းကြားသင့်ပါတယ်သူဌေး။

သူဌေး ။ ။အင်း...ဟုတ်တော့ဟုတ်ပါတယ်... ကဲ...အုပ်ချုပ်မှုမန်နေဂျာ...ပြောပါဦးဗျာ။

အုပ်ချုပ်မှုမန်နေဂျာ ။ ။သံသယရှိတဲ့ လူတွေစာရင်းပြုစုပြီး ရဲစခန်းကိုပေးလိုက်တာကောင်းမယ်...

သူဌေး ။ ။ဒါလည်း...စဉ်းစားသင့်တဲ့အချက်ပါပဲ။ ကဲ...ငွေစာရင်း မန်နေဂျာကကော ဘယ်လို သဘောရလဲ...

ငွေစာရင်းမန်နေဂျာ ။ ။သူဌေးရဲ့ ဘဏ်စာရင်းကို ကြည့်လိုပါတယ်။

သူဌေး ။ ။ဘာဖြစ်လို့လဲ။

ငွေစာရင်းမန်နေဂျာ ။ ။ကားအသစ်တစ်စီးဝယ်ဖို့ မှတ်ချက်ပြုမလို့ပါ။

သူဌေး ။ ။**“ဟေ”**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ...

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တောင်ပိုင်း ဆောက်သ်ဝါ့ခ်အရပ်တွင် ယခုအခါ အသက် ၅၆နှစ်အရွယ်ရှိနေပြီဖြစ်သော တင်မ်အိုင်ဒိုဂူနှင့်အသက် ၄၈နှစ်အရွယ်ရှိ ဂရေ့စ်အိုင်ဒိုဂူတို့ ဇနီးမောင်နှံနေထိုင်ကြလေသည်။ သူတို့ဇနီးမောင်နှံသည် လွန်ခဲ့သော ၂၂နှစ်ဖြစ်သည့် ၁၉၈၆ခုနှစ်က ၃၄နှစ်အရွယ် တင်မ်အိုင်ဒိုဂူနှင့် ၂၆နှစ်အရွယ် ဂရေ့စ်အိုင်ဒိုဂူတို့ တူနှစ်ကိုယ် တိုင်းပြည်ကို ထူထောင်ခဲ့ကြသည်။

ဂရေ့စ်အိုင်ဒိုဂူနှင့် ဒေးဗစ်အိုင်ဒိုဂူတို့ သားအမိကို တွေ့ရစဉ်။

လိမ္မာရေးခြားရှိ

တင်မ်နှင့်ဂရေ့စ်တို့သည် အိမ်ထောင်သက်သုံးနှစ်အတွင်း လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ကြသည်။ အိမ်ထောင်သက်သုံးနှစ်ပြည့်ချိန်တွင် သားသမီးယူခဲ့ကြရာ ၁၉၉၀ပြည့်နှစ်တွင် သားအကြီး ပီတာအိုင်ဒိုဂူ၊ ၁၉၉၄ခုနှစ်တွင် သားအလတ် ဒေးဗစ်အိုင်ဒိုဂူနှင့် ၁၉၉၅ခုနှစ်တွင် သားအငယ် ဂျိမ်းစ်အိုင်ဒိုဂူတို့ကို မွေးဖွားခဲ့သည်။ တင်မ်နှင့် ဂရေ့စ်တို့နှစ်ဦး ကံကောင်းသည်မှာ သားသုံးဦးစလုံး လိမ္မာရေးခြားရှိကြခြင်းပင် ဖြစ်သည်။

အထူးခြားဆုံးသား

ထိုအထဲတွင်မှ သားအလတ်ဖြစ်သူ ဒေးဗစ်အိုင်ဒိုဂူသည် အထူးခြားဆုံးသားဖြစ်နေပြန်သည်။ သူသည် ယခုလက်ရှိ အချိန်တွင် ဘာလုပ်ရမည်ကို တွေးတောလုပ်ဆောင်သကဲ့သို့ အနာဂတ်တွင် ဘာဖြစ်လာနိုင်သည်ကို ကြိုတင် စဉ်းစားကြံဆတတ်သူတစ်ဦးဖြစ်သည်။ ထို့ကြောင့်လည်း ၂၀၀၈ခုနှစ် အသက်၁၄နှစ်အရွယ်တွင် ဝယ်လ်ဝေါ့သ်အကယ်ဒမီတွင် လူငယ်မော်ဒယ်တစ်ဦးဖြစ်နေပြီဖြစ်သည်။

ဒေးဗစ်သည် ကမ္ဘာ့ခေါင်းဆောင်ကောင်းများကို လေးစားအားကျပြီးနောက်တစ်ချိန်တွင် သူတို့ကဲ့သို့ဖြစ်လာရန် ကြိုးစားလိုသူဖြစ်သည်။ မကြာသေးမီက အမေရိကန်နိုင်ငံ မာဒါမီတပ်စ်ဆော့အရပ်သို့ သွားရောက်လည်ပတ်ခဲ့ပြီး အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် အမှတ်တရဓာတ်ပုံတွဲရိုက်ခဲ့သည်။

အနာဂတ်ရည်မှန်းချက်

ဒေးဗစ်တက်ရောက်ရာ အကယ်ဒမီကျောင်းအနီးတွင် ဂျော့ဖရေးရော်ရှာဆိုသည့် ကျောင်းတစ်ကျောင်းရှိသည်။ ထိုကျောင်းတွင် ဆိုးသွမ်းလူငယ်ကျောင်းသားတစ်စုရှိသည်။ ထိုကျောင်းသားများသည် တစ်နေ့တွင် သူ့အားဒုက္ခပေးမည့်သူများဟု ဒေးဗစ်တစ်ယောက် မသိရှာခဲ့ပေ။ ထိုကျောင်းသားများသည် ဆိုးသွမ်းလူငယ်များပီပီ အမြဲတမ်းလိုလို အပြာရောင်နှင့် မီးခိုးရောင်ဝတ်စုံများ ဝတ်ဆင်လေ့ရှိသော ဒေးဗစ်အား အလိုလိုနေရင်းကြည့်မရ ဖြစ်နေခဲ့သည်။ ထိုသို့ကြည့်မရဖြစ်နေခဲ့ခြင်းကပင် အနာဂတ် ရည်မှန်းချက်များဖြင့် ဘဝတွင်အောင်မြင်မှုရရန် အစွမ်းကုန်ကြိုးစားနေသည့် ဒေးဗစ်အိုင်ဒိုဂူအတွက် ဘဝပျက် နစ်နာစရာများနှင့် ကြုံခဲ့ရတော့သည်။

ရန်စတိုက်ခိုက်

၂၀၀၈ခုနှစ် ဖွန်၁၆ရက်တွင် သူတက်ရောက်ရာကျောင်း၌ မော်ဒယ်အတတ်ပညာများကို အပြန်ပြန်အလှန်လှန်လေ့ကျင့်နေရင်း ကျောင်းမှအိမ်အပြန် မိုးချုပ်ခဲ့လေသည်။ ထို့ကြောင့် ဒေးဗစ်အား ကြည့်မရဖြစ်ကာ ရန်စတိုက်ခိုက်ဒုက္ခပေးရန် အခွင့်အရေးစောင့်ဆိုင်းနေသည့် ဆိုးသွမ်းလူငယ်တစ်စု၏ဆန္ဒကို ဖြည့်ဆည်းပေးလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။ ထိုနေ့ညပိုင်းက သူသင်တန်းကျောင်းမှထွက်လာချိန်တွင် ညရှနာရီကျော်ပြီး လန်ဒန်မြို့တစ်မြို့လုံး အမှောင်ထုက လွှမ်းမိုးနေချိန်ဖြစ်သည်။ ထိုအချိန်တွင် ညအမှောင်ထုအတွင်းမှ ထွက်လာသော ဆိုးသွမ်းလူငယ်တစ်စုက သူ့အားရန်စတိုက်ခိုက်ကြတော့သည်။ ထိုသို့ရန်စစဉ် လူသူပြတ်လပ်သော ဖရန့်ဘာရက်အရပ်သို့ ရောက်ရှိနေချိန်ဖြစ်သည်။

ရင်ထုမနာဖြစ်

ဆိုးသွမ်းလူငယ်အုပ်စုထဲမှ လူငယ်တစ်ဦးက သူ၏ဝမ်းဗိုက်အား ဓားဖြင့်ထိုးလိုက်သည့်အတွက် ဒေးဗစ်မှာ လဲကျသတိလစ်မေ့မြောသွားတော့သည်။ ထိုအခါ ဆိုးသွမ်းလူငယ်များမှာ ကြောက်လန့်တကြား ထွက်ပြေးသွားကြတော့သည်။ သတိလစ်နေသော ဒေးဗစ်အား လမ်းသွားလမ်းလာတစ်ဦးကတွေ့ကာ ဆေးရုံသို့ပို့ခဲ့သည်။ ဒေးဗစ်သည် ဆေးရုံတွင် သုံးပတ်ကြာမျှ ဆေးရုံတက်ခဲ့ရပြီး ဇူလိုင် ၇ရက်တွင် သေဆုံးသွားခဲ့သည်။ သုံးပတ်အထိ ဆေးရုံပေါ်တွင် အသက်ရှင်နေသူဒေးဗစ်အား အသက်အန္တရာယ်မှ လွတ်မြောက်မည်ဟု မျှော်လင့်ထားသော မိဘများမှာ ရင်ထုမနာဖြစ်ခဲ့ရသည်။ ဒေးဗစ်အား ဓားဖြင့်ထိုးခဲ့သူ ကတ်ဖို့ဒ်အရပ်မှ အသက်၁၆နှစ်ရှိ လူငယ်တစ်ဦးကို ဖမ်းဆီးတရားစွဲဆိုခဲ့ပြီး ရုံးတင်စစ်ဆေးနေဆဲ ဖြစ်သည်။

ဒေးဗစ်အိုင်ဒိုဂူနှင့် မိသားစုဝင်များဖြစ်ကြသော ဖခင်တင်မ်အိုင်ဒိုဂူ၊ မိခင် ဂရေ့စ်အိုင်ဒိုဂူ၊ အစ်ကို ပီတာအိုင်ဒိုဂူ၊ ညီ ဂျိမ်းစ်အိုင်ဒိုဂူတို့အကြား ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံးရှိခဲ့ချေသော သံဝေဂယူဖွယ်ရာ အဖြစ်သနစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးသားသည်

တာမွေမြို့နယ် အေး ချမ်း သာ ယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ကြီးမှူး ကျင်းပသောမြို့နယ် လုံးကျွတ် ဒုတိယ အကြိမ်ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် စာရေးတံမဲကပ်လှူ ပူဇော်ပွဲ အခမ်း အနားကို ဇူလိုင် ၂၀ ရက်က သာသနာ့ ဗေယျမင်္ဂလာ ပရိယတ္တိစာသင်တိုက် တွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိန်မောင်ဝင်း-ဒေါ်ခင်အေးဆွေ၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်တို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ တန်ဖိုးငွေကျပ် ၂၂၄၄၄၅၀ကို ဆက်ကပ်လှူဒါန်းစဉ်။ (၁၇၁)

ရန်ကုန် အရှေ့ပိုင်း ခ ရိုင် မြောက် ဥက္ကလာပမြို့နယ်(ဈ) ရပ်ကွက် ဇမ္ဗူအေး ကျောင်းတိုက်အတွင်း တည်ဆောက်လျက် ရှိသော သီလဝိသော ဓနိနှစ်ထပ်သိမ်တော်ကြီး မဟာရံတံတိုင်း တောင်ဘက်မုခ်ဦး တည် ဆောက် ရန် အတွက်ပထမအကြိမ် အလှူငွေကျပ် ၁၃သိန်း ကို မြောက်ဥက္ကလာ ရတနာ သိင်္ဂီဈေး သူဈေးသားများနှင့် အလှူရှင်များကိုယ်စား ဈေးတာဝန်ခံ ဦးဝင်းမြင့်၊ ဈေးမိဈေးဖဦးအောင်မိုးနှင့်အဖွဲ့တို့က ဦးဆောင်နာယက ဆရာတော်ဘဒ္ဒန္တ သုမင်္ဂလဗုဒ္ဓိ (ရတနာဗေယျံကျောင်း)ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်လက်ခံယူစဉ်။ (က-ပ)

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အသုံးပြုရန် ကွန်ကရစ်အုတ်ဖိနပ် ၂၄၉၅၀ထုတ်လုပ်ပြီးဖြစ် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၁

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၁၉ရက် နံနက် ၈နာရီခွဲက အင်းစိန်မြို့နယ်ရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အင်္ဂတေပစ္စည်းစက်ရုံသို့ရောက်ရှိပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များပြန်လည် တည်ဆောက်ရေး လုပ်ငန်းအတွက် ကွန်ကရစ်အုတ်ဖိနပ်ထုတ်လုပ်မှု လုပ်ငန်းအခြေအနေကိုလည်းကောင်း၊ နေ့အလိုက်ထုတ်လုပ်ပြီး ကွန်ကရစ်အုတ်ဖိနပ်များနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကုမ္ပဏီများမှ ထုတ်ယူရန်အသင့်ဖြစ်နေသော ကွန်ကရစ်အုတ်ဖိနပ်များ သယ်ယူတင်ပို့နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကအရည်အသွေးကောင်းမွန်ရေးနှင့် သပ်ရပ်သေချာသော အုတ်ဖိနပ်များ ထုတ်လုပ်ကြရေး မှာကြားသည်။

နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိ

အင်္ဂတေပစ္စည်းစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံများမှ ဇူလိုင် ၁၈ရက်အထိ လေဘေးသင့်ဒေသများ အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကွန်ကရစ်အုတ်ဖိနပ် ၂၄၉၅၀ထုတ်လုပ်ခဲ့ပြီး တစ်နေ့လျှင် ကွန်ကရစ်အုတ်ဖိနပ် ၁၅၀၀ထုတ်လုပ်နိုင်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အတွက် နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

ရည်မှန်းချက်အောင်မြင်

ထိုမှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးဘေးရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ ဖိနပ်စက်ရုံ အမှတ်(၁)စက်ရုံခွဲ (ဖော့ကန်)သို့ ရောက်ရှိစစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းသည် ဝင်းသူဇာအရောင်းဆိုင် (ဖော့ကန်)သို့ ရောက်ရှိပြီး ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး**(ဝဲပုံ)** ဝန်ကြီးက ကုန်းပစ္စည်း ပြတ်လပ်မှုမရှိစေရန် ပစ္စည်းအမယ် စုံလင်စွာရောင်းချကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြသိန်းတန်ကျောင်းစာသင်တိုက်၌ ဝါဆိုမြတ်သင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒစရိယ ဘဒ္ဒန္တ သောဘနပဓာန နာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)ဦးကေသရနှင့် ဝါဆိုဝါကပ်တော်မူသော စာချစာသင်သံဃာတော် ၁၂၄ပါးတို့အား အလှူရှင် မိခင်ကြီး (ဒေါ်လှလှသန်း)(ခ)ကြီးကြီးမေအား ရည်စူး၍ သားကိုကျော်ကျော်မင်း-မနီလာမိသားစု အမှတ်(၁၁၂-၁၁၄)ဗိုလ်ကလေးဈေးလမ်း ဒုတိယထပ်(ဝဲ)မှ စတုတ္ထအကြိမ်မြောက် နေ့ဆွမ်း ဝါဆိုမြတ်သင်္ကန်းကို ဇူလိုင် ၂၀ရက်က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(က-ပ)

ပြည်နယ်နှင့်တိုင်း လူသစ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၈ခုနှစ်(၉)ကြိမ်မြောက်အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အသက် ၁၉နှစ်အောက်ပြည်နယ်နှင့် တိုင်းလူသစ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်ကို ယမန်နေ့မွန်းလွဲ ၂နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **(သတင်းစဉ်)**

ယဉ်ကျေးလိမ္မာလူရွယ် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်၌ အသက်၁၆နှစ်မှ ၂၅နှစ်အထိ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအတွက် ယဉ်ကျေးလိမ္မာလူရွယ် တရားစခန်းကို ဇူလိုင်၂၅ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဓာတ်ပုံနှစ်ပုံ၊ ကျောင်းသားကတ်သို့မဟုတ် မှတ်ပုံတင်မိတ္တူယူဆောင်၍ မွန်းလွဲ၂နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။

စုံစမ်းနိုင်

တရားစခန်းဝင်ရောက်လိုသူများသည် ဦးသိန်းဝင်း ဗိုလ်ချို(၁)ရပ်ကွက် ဗဟန်း ဖုန်း-၅၄၀၁၉၂၊ ဦးလှကြည် ဖုန်း-၂၄၆၇၈၈ လိုင်းခွဲ ၃၀၊ ဇာနည်ညီနောင်ဆေးဆိုင် ဖုန်း-၂၉၃၅၆၇၊ ရှိုင်းဟုပ်ကုမ္ပဏီ ဖုန်း-၀၉-၅၁-၇၉၇၄၉၊ ၀၉-၅၀-၀၄၅၈၅၊ ၀၉-၉၉-၂၃၁၅၇၊ ဦးမျိုးမြင့်(ပဲခူး)ဖုန်း-၀၅၂-၂၂၁၃၆၊ ဒေါ်မြမြဆွေ(နယ်မြို့များ) ဖုန်း-၀၉-၅၀-၂၁၄၈၉နှင့် ဓမ္မဒူတကျောင်း (မှော်ဘီ) ဖုန်း-၆၂၀၅၂၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

Horizon League ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Horizon Sports Acrdemy တို့က ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ရာသီ Horizon League ဘတ်စကက်ဘောပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းမှစ၍ ကျိုက္ကဆံ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

ဗိုလ်စွဲ

အမျိုးသမီးပွဲစဉ်တွင် **SKY**အသင်းက **Kandawglay** အသင်းကို ၇၄-၆၀ မှတ်ဖြင့် အနိုင်ရရှိကာ ခုနစ်ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်ပြီး ချန်ပီယံဆုကို ဆွတ်ခူးရရှိသွားသည်။ အမျိုးသားပြိုင်ပွဲတွင် **KKS**အသင်းက **Blue Boy** အသင်းကို ၆၈-၅၄မှတ်ဖြင့် အနိုင်ရရှိသွားသည်။ **KKS** အသင်းမှာ ၁၈ပွဲစလုံး ရှုံးပွဲမရှိဘဲ ဗိုလ်စွဲသွားခြင်း ဖြစ်သည်။

ဆုဖလားချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရ Balla Babies အသင်း၊ ဒုတိယဆုရ Kandawglay အသင်း၊ ပထမဆုရ SKY အသင်း၊ အမျိုးသား ပြိုင်ပွဲတွင် တတိယဆုရ Red Star အသင်း၊ ဒုတိယဆုရ Blue Boy အသင်း၊ ပထမဆုရ KKS အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အား/ကာ သိပ္ပံ(ရန်ကုန်)ခေတ္တကျောင်းအုပ်ကြီး ဦးခင်မောင်ကျော် (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)** ဆက်လက်၍ ပြိုင်ပွဲတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်အား Horizon International မှ မန်နေဂျင်း ဒါရိုက်တာ Mr. Muratက ဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်က လက်ခံယူသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်မြင့်မြင့်ဆွေက အမျိုးသမီးပြိုင်ပွဲ၌ ပထမဆုရ SKY အသင်း၊ ဒုတိယဆုရ Kandawglay အသင်း၊ တတိယဆုရ Balla Babies အသင်းတို့ကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက အမျိုးသားပြိုင်ပွဲ ပထမဆုရ KKS အသင်း၊ ဒုတိယဆုရ Blue Boy အသင်း၊ တတိယဆုရ Red Star အသင်းတို့ကို လည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ် ချီးမြှင့်ကြသည်။

၂၀၀၇-၂၀၀၈ Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို ၂၀၀၇ခုနှစ် စက်တင်ဘာလမှ ၂၀၀၈ခုနှစ် ဇူလိုင်လအထိ ကျင်းပခဲ့ပြီး အမျိုးသား၁၇သင်း၊ အမျိုးသမီး ငါးသင်းဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား တင်လှူပူဇော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၁

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ သာရနတောင်ကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ဓာတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီ စုစုပေါင်း ၂၈ဆူတို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၇ရက်(ဝါဆိုလပြည့်ကျော် ၁၀ရက်မှ စတင်ပြီး) ... ဓမ္မစကြာအခါတော်နေ့) နံနက် ၇နာရီ မိနစ် ၂၀က အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပုသိမ်မြို့ ရတနာအုဋ္ဌကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒမာလာ၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသတို့အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်ပိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်၊ ဟိုင်းကြီးကျွန်းတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့်ဇနီး၊ ပုသိမ်တပ်နယ်မှဗိုလ်မှူးချုပ်ဇင်ယော်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံများနှင့် ဘုရားဖူးလာ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ဆရာတော်၊ သံဃာတော်များထံ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊တိုင်းမှူး၊ ဇနီးနှင့်တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို စေတီတော်မြတ်ကြီးအား ရည်မှန်း၍ ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး မြလေယာဉ်မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကြသည်။

တင်လှူပူဇော်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မြလေယာဉ် မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး တာဝန်ရှိသူများက ဓာတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီများတွင် တစ်ပြိုင်နက်တည်း တင်လှူပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်၊သံဃာတော်များက စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဓာတ်ပေါင်းစုစေတီ၊ ဖောင်တော်ဦးစေတီ၊ ဖောင်တော်ဆိပ်စေတီနှင့် အရံစေတီတို့အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံစိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇူလိုင်၂၀ရက်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် ကျန်းမာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲတွင် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်သစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်ဆင်နွှဲ

နေပြည်တော် ဇူလိုင် ၂၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့သည် ယမန်နေ့ နံနက်စနာရီက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အကြီးအကဲများနှင့်အတူ နေပြည်တော်အမျိုးသားပရဆေး ဥယျာဉ်သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ဆင်နွှဲစိုက်ပျိုးပေးကြသည်။

တက်ရောက် ဆင်နွှဲ

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်းအင်အား ၂၅၀ခန့် တက်ရောက်ဆင်နွှဲကြသည်။

တိုးချဲ့စိုက်ပျိုးခဲ့

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ၌ ဝန်ကြီးဌာနအလိုက် ပါဝင်စိုက်ပျိုးကြရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခင်က ပရဆေးပင်၊ အလှပန်းပင်၊ အရိပ်ရပင် စုစုပေါင်း ၃၅၃၅၈ပင်ရှိခဲ့ရာ ယနေ့ထပ်မံ၍အပင်၂၀၉၀ ကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်ယခင်က အပင်၃၄၆၀၀ရှိခဲ့ရာ ယမန်နေ့က ထပ်မံ၍ ၂၄၃၅ပင်ကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ယခင်က ၂၈၅၈၁ပင်ရှိခဲ့ရာယမန်နေ့ကထပ်မံ၍အပင် ၂၁၃၀ကို လည်းကောင်း အသီးသီးတိုးချဲ့ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်သည် ဇူလိုင် ၁၉ရက် ညနေ ၃နာရီခွဲမှ ၅နာရီခွဲအထိ လှိုင်မြို့နယ် Myanmar Info-Tech ခန်းမ၌ International Beverages Trading Co.Ltd.,မှ ကုမ္ပဏီယာဉ်မောင်း၄၆ဦးအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောကြောင်း သိရသည်။**(အောက်ပုံ)** **(မြန်မာ့အလင်း)**

အဆင့်မြင့်မင်္ဂလာဈေး အထူးဈေးရောင်းပွဲတော်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့်ရွှေသရဖူမိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပသော အဆင့်မြင့်မင်္ဂလာဈေး အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက အဆိုပါမင်္ဂလာမုခ်ဦးရှေ့၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးနှင့် ရွှေသရဖူမိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ရောင်းချမည်

အဆိုပါ အဆင့်မြင့်မင်္ဂလာဈေး အထူးဈေးရောင်းပွဲတော်တွင် အဝတ်အထည် အမျိုးမျိုး၊ အလှကုန်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ပွဲတော်လာပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဆိုင်ခန်းပေါင်း၁၀၀ဖြင့် ယမန်နေ့မှ ဇူလိုင် ၂၄ရက်အထိ ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်သည်။

ဆက်လက်ကျင်းပမည်

အလားတူ ရွှေသရဖူမိသားစု ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှာ လာမည့် ဇူလိုင်၂၈ရက်မှ ဩဂုတ်၁ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းဈေး အထူးဈေးရောင်းပွဲတော်ကို ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

(မြန်မာ့အလင်း)

ပြည့်စုံအေး မိုးကုတ်ရိပ်သာ ရက်ပေါင်း ၉၀ အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမ အုတ်ဖိုမှတ်တိုင် ပြည့်စုံအေး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ် ၄၇၂၏ ဝါတွင်းကာလ ရက်ပေါင်း ၉၀အဓိဋ္ဌာန် တရားစခန်းပွဲကြီးကို ဝါဆိုလပြည့်နေ့မှစ၍ ကျင်းပလျက်ရှိရာ မည်သူမဆို တရားဝင်ရောက်အားထုတ်နိုင်ကြောင်းနှင့် တရားစခန်းဝင် ယောဂီများအား အခမဲ့အစားလည်းကျွေး တရားလည်းပေးမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရိပ်သာပဓာန နာယကသာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်ပညောဘာသနှင့် ဆရာတော်ဦးဓမ္မသာရ (မြောက်ဥက္ကလာပ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆွမ်းကွမ်း လှူဒါန်းလိုပါက ဖုန်း-၀၉-၅၀- ၅၉၄၇၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

22-7 (07).pmd 1 7/23/2008, 2:34 AM

နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ (၁)

နိုင်မြင့်(တောင်သာ)

အငြိမ်းစား ဥပဒေအရာရှိကြီး ဦးမြင့်သည် စာကြည့်ခန်းတွင် မြန်မာနိုင်ငံ ဥပဒေအတွဲ စာအုပ်များကို လေ့လာဖတ်ရှုနေစဉ် သမီး မနီလာ ရောက်လာသည်။ မနီလာ၏ လက်ထဲတွင်လည်း ဥပဒေစာအုပ်တချို့ ပါလာသဖြင့် ဥပဒေတစ်ခုခုနှင့် စပ်လျဉ်းပြီး မေးမြန်းစရာ ရှိနေပြီ ဖြစ်ကြောင်း ဦးမြင့် အကဲခတ်လိုက်မိသည်။

မနီလာ။ "ဖေဖေ၊ သမီး မရှင်းတာလေးနည်းနည်းရှိလို့ မေးချင်လို့ပါ"

ဦးမြင့်။ "ဩော်-သမီး လာလေ၊ ဘာဥပဒေတွေဖတ်ပြီး ဘာတွေများ မေးစရာတွေ ပေါ်လာလို့လဲ သမီးရဲ့"

သမီး မနီလာသည် တက္ကသိုလ်တွင် ဥပဒေပညာဌာန၌ သရုပ်ပြဆရာမအလုပ်လုပ်နေသလို တစ်ဖက်တွင်လည်း ဥပဒေပါရဂူဘွဲ့အတွက် သင်တန်းတက်နေသူ ဖြစ်သည်။ ဥပဒေတစ်ရပ်ကို လေ့လာသည့်အခါ အသေးစိတ်လေ့လာတတ်သလို မသိရှိ၊ မရှင်းလင်းသည်များကိုလည်း မေးမြန်းလေ့ရှိသည်။

မနီလာ။ "တခြားမဟုတ်ပါဘူး ဖေဖေ၊ သမီးက နိုင်ငံရေးပြစ်မှုနဲ့ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ စကားရပ်တွေကို ဥပဒေရှုထောင့်က လေ့လာနေတာပါ။ တချို့ကလည်း မြန်မာနိုင်ငံ ဥပဒေတွေမှာ ဒီနိုင်ငံရေးပြစ်မှုဆိုတာ ပြဋ္ဌာန်းထားတာ ရှိတယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့လည်း ဥပဒေပြဋ္ဌာန်းချက်တွေ ရှိတယ်လို့ ပြောကြပြီး တချို့ကတော့ မြန်မာနိုင်ငံ ဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာလဲ မရှိ၊ နိုင်ငံရေးအကျဉ်းသားဆိုတာလည်း မရှိဘူးလို့ ပြောနေကြပါတယ်။ အဲဒါ မြန်မာနိုင်ငံဥပဒေတွေမှာ နိုင်ငံရေးပြစ်မှုဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုထားတာ ရှိသလား၊ နောက်ပြီး နိုင်ငံရေးအကျဉ်းသားနဲ့ပတ်သက်ပြီးရော အဓိပ္ပာယ်ဖွင့်ဆိုထားတာ၊ ပြဋ္ဌာန်းထားတာတွေ ရှိသလား သိချင်လို့ပါ ဖေဖေ"

မနီလာမေးသည့် မေးခွန်းမှာ အလွန်သိမ်မွေ့သော ဥပဒေပြဿနာ တစ်ရပ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ ဥပဒေများတွင် 'နိုင်ငံရေးပြစ်မှု'နှင့် 'နိုင်ငံရေးအကျဉ်းသား'ဟူသည့် စကားရပ်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားချက် ရှိသည်၊ မရှိသည် ထိုသို့ပြဋ္ဌာန်းထားချက်ရှိလျှင်လည်း မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိသည်ကို ဥပဒေလေ့လာသူများအနေဖြင့် အရင်းအမြစ် ဥပဒေပြဋ္ဌာန်းချက်များနှင့်တကွ သိရှိထားသင့်သည့်အချက် ဖြစ်နေသည်ကို တွေ့ရှိရပေသည်။ ထို့ပြင် အချို့သော နိုင်ငံရေးသမားများကလည်း လိုရာဆွဲကာ မြန်မာနိုင်ငံတွင် နိုင်ငံရေးသမားများကို နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးကာ နိုင်ငံရေးအကျဉ်းသားများအဖြစ် ထားရှိသည်ဟု ဆိုသည်များလည်း ရှိနေပေရာ 'နိုင်ငံရေးပြစ်မှု'၊ 'နိုင်ငံရေးအကျဉ်းသား'များနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းအရ ရှင်းလင်းစွာ သိရှိထားရန် လိုအပ်ပေသည်။

ဦးမြင့်။ "သမီးမေးတဲ့ မေးခွန်းကို ဖြေဖို့ဆိုရင် ဥပဒေတစ်ခုတည်းကို ကြည့်လို့မပြီးဘူး သမီး၊ ဆက်စပ်တဲ့ ဥပဒေတွေကိုပါ သိဖို့လိုတယ်။ **၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ အကျဉ်းထောင် အက်ဥပဒေ၊ အကျဉ်းထောင်လက်စွဲတို့ကို လေ့လာဖို့ လိုတယ်။ ပထမဆုံး ၁၉၅၀ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေကို လေ့လာကြည့်ရအောင်။ ဒီဥပဒေမှာ ပုဒ်မ ရှစ်ခုသာ ပါတယ်။ ဘယ်ပုဒ်မမှာမှ နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားဆိုတဲ့ ပြဋ္ဌာန်းချက် လုံးဝမပါဘူး သမီး။ တကယ်တော့ ဒီဥပဒေဟာ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ လုံခြုံရေး၊ အုပ်ချုပ်ရေးဥပဒေတစ်ခုသာ ဖြစ်တယ်။**

ဒီဥပဒေရဲ့ ပုဒ်မ ရှစ်ခုမှာ ပုဒ်မ ၁ က ဥပဒေရဲ့ အမည်သတ်မှတ်ချက် ပုဒ်မဖြစ်ပြီး ပုဒ်မ ၈ ကတော့ ယခင်ဥပဒေဟောင်းဖြစ်တဲ့ ၁၉၄၈ခုနှစ် အရေးပေါ်စီမံချက် တစ်ချက်လွှတ်ဥပဒေကို ပယ်ဖျက်ကြောင်း ဖော်ပြတဲ့ ပုဒ်မဖြစ်တယ်။

ဆိုခဲ့တဲ့ ပုဒ်မ ၁နဲ့ ပုဒ်မ ၈ကလွဲလို့ ကျန်တဲ့ ပုဒ်မခြောက်ခုကို လေ့လာတဲ့အခါမှာလည်း လုံခြုံရေး၊ အုပ်ချုပ်ရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေးတို့နဲ့ သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်များသာပါဝင်ပြီး နိုင်ငံရေးနှင့် သက်ဆိုင်တဲ့ ပြဋ္ဌာန်းချက်တွေ လုံးဝမပါတာ တွေ့ရတယ်။ တစ်နည်းဆိုရရင် ဒီပုဒ်မတွေမှာ နိုင်ငံရေးပြစ်မှုဆိုတဲ့ စကားရပ်နဲ့ နိုင်ငံရေးအကျဉ်းသား ဆိုတဲ့ စကားရပ် လုံးဝထည့်သွင်း ပြဋ္ဌာန်းထားတာ မရှိပါဘူး။ ဥပဒေမှာကို ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါဘဲလျက် ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေနဲ့ သက်ဆိုင်တယ်လို့ ဘယ်လိုမှ ပြောလို့မရဘူးဆိုတာ မြင်သာမှာပါ။

မနီလာ။ "ဒါနဲ့ ဖေဖေ၊ တချို့က ဘာဖြစ်လို့ ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေကို အရေးယူတဲ့ ဥပဒေလို့ ထင်နေ၊ ပြောနေကြလဲ မသိဘူးနော်"

ဦးမြင့်။ "**ဒါကတော့သမီးရယ်၊ နိုင်ငံတော်ရဲ့ဥပဒေတစ်ရပ်နှင့်စပ်လျဉ်းပြီး ပြောဆိုရမှာပဲဖြစ်ဖြစ်၊ အနက်အဓိပ္ပာယ် ကောက်ယူကြရမှာပဲဖြစ်ဖြစ် ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်းသာ ပြောဆိုရ၊ အဓိပ္ပာယ်ကောက်ယူကြရမှာပါ၊ ဥပဒေမှာမပါဘဲ ကိုယ်လိုရာဆွဲပြောကြ၊ဆိုကြ၊အဓိပ္ပာယ်ကောက်ယူကြလို့ ဘယ်ရမှာလဲ သမီး**"

မနီလာ။ "**အဲဒီဥပဒေကို ဆက်ပြီးရှင်းပြပါဦး ဖေဖေ**"

ဦးမြင့်။ "ဒီဥပဒေပုဒ်မ ၂ မှာ နိုင်ငံတော်ရဲ့ လက်နက်ကိုင် စစ်တပ်အစည်းအရုံးများ ဒါမှမဟုတ် ရာဇဝတ်အမှုထမ်းအဖွဲ့များရဲ့ ချီတက်သွားလာခြင်း အရေအတွက်၊ အကြောင်းခြင်းရာ၊ အခြေအနေနဲ့ အနေအထားများ၊ ဒီအစည်းအရုံး အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ရေးအစီအစဉ်တွေကို နိုင်ငံတော်သစ္စာ ဖောက်ဖျက်ပုန်ကန်မှု ကျူးလွန်သူ တစ်ဦးတစ်ယောက်ကို ဘယ်သူမဆို အကြောင်းကြားလျှင်၊ ဒါမှမဟုတ် ဒီလို အကြောင်းကြားဖို့ ရည်ရွယ်ပြီး ဆိုခဲ့တဲ့ ကိစ္စတစ်ခုခုနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရှာဖွေစုဆောင်းလျှင်၊ ဒါမှမဟုတ် ရှာဖွေစုဆောင်းရန် လုံ့လပြုလျှင် ဒီပြစ်မှုကျူးလွန်တဲ့သူကို သေဒဏ် ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်"

"ဒီဥပဒေပုဒ်မ ၃ မှာကတော့ ဘယ်သူမဆို နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ဖို့ တာဝန်ဝတ္တရားဆောင်ရွက်နေတဲ့ နိုင်ငံတော် လက်နက်ကိုင်စစ်တပ် အစည်းအရုံးတွေရဲ့ ဒါမှမဟုတ် ရာဇဝတ် အမှုထမ်းအဖွဲ့များရဲ့ ဆောင်ရွက်မှုအောင်မြင်ရေးကို နှောင့်နှေးစေဖို့ဖြစ်စေ၊ ပျက်ပြားစေဖို့ဖြစ်စေ အကြောင်းရှိတဲ့ အမှုတစ်ရပ်ရပ်ကို ကြံရွယ်ပြီး ပြုမူဆောင်ရွက်လျှင် ဒီလူကို သေဒဏ် ဒါမှမဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။

ဒီပုဒ်မ ၂နဲ့ ပုဒ်မ ၃ ပြဋ္ဌာန်းချက်များဟာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားရေးတွေနဲ့ သက်ဆိုင်ပြီး တပ်မတော်သားတွေနဲ့သာမက မြန်မာနိုင်ငံရဲတပ်ဖွဲ့ စတဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ လုပ်ငန်းများနဲ့လည်း သက်ဆိုင်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

မနီလာ။ "ဒီပုဒ်မတွေမှာပါတဲ့ ရာဇဝတ်အမှုထမ်းအဖွဲ့များ ဆိုတာက ဘာကိုဆိုလိုတာလဲ ဖေဖေ"

ဦးမြင့်။ "အင်း- ဒါက ဒီဥပဒေကိုပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၀ပြည့်နှစ် ပတ်ဝန်းကျင်က သုံးနှုန်းကြတဲ့ မြန်မာစကား အသုံးအနှုန်းနဲ့ ရေးထားတာပါ သမီး။ ခုခေတ်မှာတော့ ပြစ်မှုဆိုင်ရာ အမှုထမ်းလို့ ခေါ်နိုင်ပါတယ်။ ပြစ်မှုတွေမဖြစ်ပွားအောင် ကြိုတင် ကာကွယ်တားဆီးတာ၊ ပြစ်မှုကျူးလွန်ခဲ့လျှင်လည်း အမှုမှန်ပေါ်ပေါက်အောင် စုံစမ်းထောက်လှမ်းတာ၊ လိုအပ်တဲ့ တရားခံတွေ၊ သက်သေတွေကို အမှုနဲ့ပတ်သက်ပြီး စစ်ဆေးမေးမြန်းတာ၊ လိုအပ်တဲ့အခါ ပြစ်မှုကျူးလွန်တယ်လို့ စွပ်စွဲခံထားရတဲ့သူတွေကို ထိန်းသိမ်းတာ၊ အမှုခိုင်မာစွာတည်ဆောက်ရေးအတွက် ဥပဒေရုံးအဆင့်ဆင့်ထံမှ ဥပဒေအကြံဉာဏ်တွေ တောင်းခံပြီး အမှုကို တရားမစွဲမီ ခိုင်မာအောင် တည်ဆောက်တာ၊ အမှုခိုင်မာတဲ့အခါ အမှုကို တရားရုံးတွေကို တရားစွဲတင်တာ၊ ပြစ်မှုနဲ့ ပြစ်ဒဏ် လျော်ကန်စေဖို့ လိုအပ်တဲ့အခါ ပြင်ဆင်မှု၊ အယူခံမှုတွေတက်ပေးဖို့ လျှောက်ထားရတာတွေဟာ ပြစ်မှုဆိုင်ရာ အမှုထမ်းတွေရဲ့ တာဝန်တွေပေါ့ သမီး။ ဒီအမှုထမ်းတွေရဲ့ တာဝန်မှာ ပြစ်မှုတွေနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ရတာ ပါသလို နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အတွက်လည်း ဆောင်ရွက်ကြရတယ်ဆိုတာ ဒီပုဒ်မတွေအရ တွေ့ရမှာပါ"

မနီလာ။ "ဟုတ်ကဲ့ ဖေဖေ၊ ဒီဥပဒေအကြောင်း ဆက်ရှင်းပြပါဦး ဖေဖေ"

ဦးမြင့်။ "အရေးပေါ်စီမံမှု အက်ဥပဒေရဲ့ ပုဒ်မ ၄ကတော့ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားတာကို တွေ့ရတယ်။ ဒီပုဒ်မမှာ ပြဋ္ဌာန်းထားရာမှာ ဘယ်သူမဆို နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှုကြီးကို ကျူးလွန်ခဲ့သူကို၊ ဒါမှမဟုတ် ကျူးလွန်ဆဲဖြစ်သူကို ကူညီရန် ကြံရွယ်ပြီးဖြစ်စေ ဒါမှမဟုတ် ကူညီရာရောက်မယ်လို့ သိလျက်နဲ့ဖြစ်စေ-

(က) မီးရထားလမ်းကိုဖြစ်စေ၊ ဥမင်ကိုဖြစ်စေ၊ မီးရထား သွားလာမှုကိုဖြစ်စေ အနှောင့်အယှက်ပြုလျှင် ဒါမှမဟုတ်

(ခ) မီးရထားလမ်းများ၊ ဥမင်များနှင့်ပတ်သက်သော ဝတ္ထုပစ္စည်းတစ်ရပ်ရပ်ကို ပျက်စီးစေလျှင် ဒါမှမဟုတ်

(ဂ) အစိုးရပိုင် ဝိုင်ယာလက်၊ ဒါမှမဟုတ် ကြေးနန်းဆက်သွယ်ရေး၊ ဒါမှမဟုတ် စကားပြောကြေးနန်းဆိုင်ရာ ကြိုးတိုင်ကိုဖြစ်စေ၊ တိုင်ကိရိယာကိုဖြစ်စေ၊ အခြားဝတ္ထုကိုဖြစ်စေ ပျက်စီးစေလျှင် ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင်၊ ဒါမှမဟုတ် ဖြတ်တောက်လျှင် ဒါမှမဟုတ်

(ဃ) ကြေးနန်း ဒါမှမဟုတ် စကားပြောကြေးနန်းဖြင့် ပေးပို့တဲ့ သတင်းစကားကို ကြားဖြတ်ပြီး ဖတ်ရှုနားထောင်ရန် ရည်ရွယ်ချက်နဲ့ သက်ဆိုင်ရာ ဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင်၊ ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင်၊ ဒါမှမဟုတ် ဖြတ်တောက်လျှင် ဒါမှမဟုတ်

(င) လေယာဉ်ပျံ၊ လေယာဉ်ပျံကွင်း ဒါမှမဟုတ် လေကြောင်းသွားလာရေးနဲ့ပတ်သက်တဲ့ ကိရိယာတန်ဆာပလာ ဝတ္ထုပစ္စည်းတစ်ခုခုကို ပျက်စီးစေလျှင်၊ ဒါမှမဟုတ် အနှောင့်အယှက်ပြုလျှင် ဒီလူကို သေဒဏ်ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်"

မနီလာ။ "ဟုတ်ကဲ့ဖေဖေ၊ ဒီဥပဒေပုဒ်မ(၅)အကြောင်း ဆက်ရှင်းပြပါဦး"

ဦးမြင့်။ "ဒီဥပဒေရဲ့ ပုဒ်မ(၅)မှာ ကျယ်ကျယ်ပြန့်ပြန့် ပြဋ္ဌာန်းထားတယ်။ ပုဒ်မခွဲ(က)ကနေ (ဍ)အထိ ပုဒ်မခွဲ ၁၃ခု ရှိတယ်။ ပုဒ်မခွဲတစ်ခုခုပါ တားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်မယ်ဆိုရင် ကျူးလွန်သူကို ခုနစ်နှစ်ထိ ထောင်ဒဏ် ဒါမှမဟုတ် ငွေဒဏ် ဒါမှမဟုတ် ပြစ်ဒဏ်နှစ်ရပ်စလုံး ထိုက်သင့်စေမှာဖြစ်ပါတယ်။ ပုဒ်မခွဲတစ်ခုချင်း သမီး ဖတ်ကြည့်ပါ။ ဘယ်လိုပြဋ္ဌာန်းချက်တွေ တွေ့ရလဲ"

ဦးမြင့်က ၁၉၅၀ပြည့်နှစ်၊အရေးပေါ်စီမံမှုအက်ဥပဒေစာအုပ်ကို သမီး မနီလာသို့ ပေးလိုက်သည်။ သမီး မနီလာက ပုဒ်မ(၅)ပါ ပြဋ္ဌာန်းချက်တွေကို အသံထွက်၍ ဖြည်းဖြည်းချင်း ဖတ်ကြည့်ပါသည်။

မနီလာ။ "ဒီပုဒ်မ(၅)ရဲ့ ပုဒ်မခွဲများပါ ပြဋ္ဌာန်းချက်တွေကို ဖတ်ကြည့်တာ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အချက်တွေကိုသာ တွေ့ရတယ်။ နိုင်ငံရေးနဲ့ဆိုင်တဲ့ ပြဋ္ဌာန်းချက် လုံးဝမတွေ့ရဘူး ဖေဖေ"

ဦးမြင့်။ "ဟုတ်တယ် သမီး၊ ဒီပုဒ်မ(၅)ရဲ့ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တွေကို ကြည့်၊ သမီးတွေ့ရသလို လုံခြုံရေး၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေး၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ အခွန်ကောက်ခံရေး၊ ကိုယ်ကျင့်တရားနဲ့ စည်းကမ်းထိန်းသိမ်းရေး၊ တရားဥပဒေလမ်းကြောင်းအတိုင်း လိုက်နာဆောင်ရွက်ရေးဆိုင်ရာတွေကို ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပါတယ်"

မနီလာ။ "နောက်ပြီးတော့ ပုဒ်မ၅ (ည)ကို နိုင်ငံရေးပြစ်မှုလို့ ပြောပြီး အဲဒီပုဒ်မ ၅ (ည)အရ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လို့ အပြစ်ပေးခံရတဲ့သူတွေကို နိုင်ငံရေးအကျဉ်းသားတွေလို့ ဘာလို့ ပြောနေကြရတာလဲ ဖေဖေ"

ဦးမြင့်။ "ပုဒ်မ၅ (ည)ပါ ပြဋ္ဌာန်းချက်ကို ဖတ်ကြည့်ရအောင်၊ သူ့ရဲ့ ပြဋ္ဌာန်းချက်အတိုင်းဆိုရင် **'ပြည်ထောင်စု၏ လုံခြုံရေးကိုသော်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု ပြန်လည်ထူထောင်ရေးကိုသော်လည်းကောင်း ထိခိုက်စေရန် အကြောင်းရှိသော နည်းလမ်းဖြင့် အများပြည်သူ၏ သို့တည်းမဟုတ် ပြည်သူတစ်စု၏ ကိုယ်ကျင့်တရားကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဖောက်လွဲဖောက်ပြန်ဖြစ်စေရန် ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကိုပြုလျှင်' ဆိုပြီး ပြဋ္ဌာန်းထားတာပါ။ ဒီပြဋ္ဌာန်းချက်ကို ကြည့်ရင်လဲ သမီး ခုနပြောသလို လုံခြုံရေး၊ အုပ်ချုပ်ရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးနဲ့ပဲ ဆိုင်ပါတယ်။ ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လို့ နိုင်ငံရေးပြစ်မှုကို ကျူးလွန်တယ်၊ ဒီပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လို့ အပြစ်ဒဏ်ပေးခံရတဲ့သူကို နိုင်ငံရေးအကျဉ်းသားဖြစ်တယ်လို့ ဘယ်လိုလုပ်ပြီးမှ ပြောလို့မရပါဘူး။ သမီးကို တစ်ခု မေးကြည့်မယ် The Public Order(Preservation) Act ကို ဖတ်ဖူးသလား"**

မနီလာ။ "**ဖတ်တော့ ဖတ်ဖူးပါတယ် ဖေဖေ။ အဲဒီဥပဒေကို ဒီကနေ့မှာ အသုံးပြုတာမရှိလို့ သိပ်တော့မမှတ်မိတော့ဘူး။ အဲ့ဒါ ဘာဖြစ်လို့လဲ ဖေဖေ**"

ဦးမြင့်။ "**အဲဒီဥပဒေကို ၁၉၄၇ခုနှစ် ဧပြီလ ၃ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တာပါ။ အဲဒီဥပဒေရဲ့ ပုဒ်မ ၅မှာ အများပြည်သူ အေးချမ်းတည်ငြိမ်ရေးကို ထိပါးနှောင့်ယှက်မှု ပြုသူများကို ခေါ်ယူထိန်းသိမ်းထားနိုင်တယ်။ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်တယ်။ နှစ်လထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပုဒ်မ ၅အရ ယခင်က ခေါ်ယူထိန်းသိမ်းခံထားရသူတွေဟာ နိုင်ငံရေးလုပ်နေတဲ့ နိုင်ငံရေးသမား အတော်များများဖြစ်ကြတယ်။ အဲဒါကြောင့် အဲဒီပုဒ်မ ၅ကို နိုင်ငံရေးပုဒ်မဆိုပြီး ကင်ပွန်းတပ် ခေါ်ကြ၊ ပြောကြတာတွေ ရှိခဲ့တယ်။ အဲဒီပုဒ်မ ၅ကို နိုင်ငံရေးပုဒ်မပါလို့ ပြောတာလဲ ဥပဒေပြဋ္ဌာန်းချက်တွေထဲမှာ အဓိပ္ပာယ်ဖွင့်ဆို ပြဋ္ဌာန်းထားချက်မရှိဘဲ၊ ယခင်က**

ဒီပုဒ်မတွေမှာ နိုင်ငံရေးပြစ်မှုဆိုတဲ့ စကားရပ်နဲ့ နိုင်ငံရေးအကျဉ်းသား ဆိုတဲ့ စကားရပ် လုံးဝထည့်သွင်း ပြဋ္ဌာန်းထားတာ မရှိပါဘူး။ ဥပဒေမှာကို ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိပါဘဲလျက် ဒီဥပဒေဟာ နိုင်ငံရေးပြစ်မှုတွေနဲ့ သက်ဆိုင်တယ်လို့ ဘယ်လိုမှ ပြောလို့မရဘူးဆိုတာ မြင်သာမှာပါ။

နိုင်ငံရေးသမားများကို ခေါ်ယူထိန်းသိမ်းလေ့ရှိတဲ့ ပုဒ်မဖြစ်လို့ နိုင်ငံရေးပုဒ်မဆိုပြီး အရပ်အခေါ်အနေနဲ့ ခေါ်ဆိုခဲ့ကြတာပါ။ အခု သမီးပြောသလို အဲဒီဥပဒေအရ အရေးယူတာ ဒီနေ့ မရှိတာ တွေ့ရတယ်။ အခု အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅(ည)အရ အရေးယူတာတွေရှိတော့ ခုနပြောတဲ့ ပုဒ်မ ၅နဲ့ လွဲမှားပြီး အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅(ည)ကို နိုင်ငံရေးပုဒ်မပါလို့ ပြောဆိုပြီး အဲဒီပုဒ်မအရ အရေးယူခံရပြီး ပြစ်ဒဏ်ချမှတ်ခံရသူ တွေကို နိုင်ငံရေးအကျဉ်းသားလို့ မှားယွင်းပြီး ပြောဆိုနေကြတာပါပဲ။ အမှန်တော့ အဲဒီပုဒ်မ ၅(ည)ပါ ပြဋ္ဌာန်းချက်တွေဟာ ပြစ်မှုကြောင်း သက်သက်သာဖြစ်ပြီး ပြစ်မှုကျူးလွန်လို့ ပြစ်ဒဏ် ထင်ရှားစီရင်ခံရလျှင် ပြစ်မှုအကျဉ်းသားသာ ဖြစ်ပါတယ်”

မနီလာ။ “ဒီအချက်ဟာလဲ တော်တော်မှတ်သားလောက်တာပဲ ဖေဖေ၊ ဒါနဲ့ ပုဒ်မ ၆ အကြောင်း ဆက်ပြောပါဦး ဖေဖေ”

ဦးမြင့်။ “ပုဒ်မ ၆နဲ့ ပတ်သက်ပြီး ပြောရရင် ပုဒ်မ၆ရဲ့ နောက်မှာ ပုဒ်မ ၆-က ဆိုပြီး ၁၉၅၇ခုနှစ်မှာ ဖြည့်စွက်ထားတာကို သတိထားဖို့ လိုတယ်။ ၁၉၅၇ခုနှစ် အောက်တိုဘာလ ၁၆ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ ၁၉၅၇ခုနှစ် အရေးပေါ်စီမံမှု (ယာယီပြင်ဆင်ချက်) အက်ဥပဒေ(ဥပဒေအမှတ် ၄၆/၁၉၅၇)နဲ့ ဖြည့်စွက်ခဲ့တာ ဖြစ်ပါတယ်။ ပုဒ်မ၆ ပြဋ္ဌာန်းချက်တွေကို လေ့လာတဲ့အခါ ဘယ်သူမဆို ပုဒ်မခွဲ(က)အရ အစိုးရကိစ္စ အတွက် အသုံးပြုတဲ့၊ ဒါမှမဟုတ် အသုံးပြုရန် ကြံရွယ်တဲ့ အဆောက်အအုံရဲ့၊ ယာဉ်ရဲ့၊ စက်ရဲ့၊ ကိရိယာတန်ဆာပလာရဲ့၊ ဒါမှမဟုတ် တခြားပစ္စည်းရဲ့ ပုဒ်မခွဲ(ခ)အရ လမ်း၊ တံတား၊ လမ်းကူးမြောင်း၊ တာလမ်းမြင့်၊ ဆိပ်ကမ်း၊ ဒါမှမဟုတ် သင်္ဘောကျင်းရဲ့ ပုဒ်မခွဲ(ဂ)အရ မရှိ မဖြစ်သော ပစ္စည်းပြုလုပ်ခြင်း၊ ဖြန့်ဖြူးခြင်း ဒါမှမဟုတ် ပေးသွင်းထောက်ပံ့ခြင်းနဲ့ စပ်လျဉ်းပြီး အသုံးပြုတဲ့ အဆောက်အအုံရဲ့ ဒါမှမဟုတ် အခြား အရာဝတ္ထုရဲ့ အညစ်အကြေး သုတ်သင်မှုဆိုင်ရာ အလုပ်ကိရိယာရဲ့ သတ္တုတွင်းရဲ့၊ ဒါမှမဟုတ် အလုပ်ရုံရဲ့၊ ပုဒ်မခွဲ(ဃ)အရ တားမြစ်ထားတဲ့နေရာရဲ့၊ ဒါမှမဟုတ် ကာကွယ်စောင့်ရှောက် ထားသောနေရာရဲ့၊ ပုဒ်မခွဲ(င)အရ ရေပေးအလုပ်ကိရိယာရဲ့၊ ရေပိုက်အဆက်အသွယ်ရဲ့၊ ဒါမှမဟုတ် ရေပေးသွင်းတဲ့အလုပ်နဲ့ စပ်လျဉ်းတဲ့ စက်ရဲ့၊ စက်ကိရိယာရဲ့ ဒါမှမဟုတ် အခြားအရာရဲ့ ဂုဏ်သတ္တိ အကျိုး အာနိသင်ကို ယုတ်လျော့စေဖို့၊ ဟန့်တားဖို့၊ ဒါမှမဟုတ် ပျက်စီးစေဖို့ ကြံရွယ်ပြီး တစ်ခုခုလုပ်လျှင် ဒီလူကို ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်ဖြစ်၊ ငွေဒဏ်ဖြစ်ဖြစ်၊ ဒဏ်နှစ်ရပ်လုံးဖြစ်ဖြစ် ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။

ပုဒ်မ ၆-က မှာ ပုဒ်မခွဲ သုံးခုပါတယ်။ ပုဒ်မခွဲ(၁)မှာ ဘယ်သူမဆို အများပြည်သူတွေ ဒုက္ခဖြစ်အောင်၊ အသက်ဆုံးရှုံးအောင်၊ အများပြည်သူတွေ အသက်အန္တရာယ် ဒါမှမဟုတ် လုံခြုံမှုဘေးအန္တရာယ်ဖြစ်အောင်၊ ဒီလိုဒုက္ခတွေ၊ အန္တရာယ်တွေ ဖြစ်မယ်ဆိုတာ သိလျက်နဲ့ အများပြည်သူဆိုင်ရာ မီးရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ် ဒါမှမဟုတ် အခြား ယာဉ်တစ်မျိုးမျိုးကို ဖျက်ဆီးစေတာ၊ ပျက်စီးစေတာ၊ အများပြည်သူဆိုင်ရာ လမ်း၊ မီးရထားလမ်း၊ မီးရထားတံတား ဒါမှမဟုတ် တခြားတံတားကို ဖျက်ဆီးစေတာ၊ ပျက်စီးစေတာ၊ အများပြည်သူဆိုင်ရာ ရေလှောင်ကန်၊ ရေပေးအလုပ်ကိရိယာ၊ ဒါတွေနဲ့ ဆက်သွယ်ထားတဲ့ ရေပိုက်ကြီးကို ဖျက်ဆီးတာ၊ ပျက်စီးစေတာ၊ အများပြည်သူဆိုင်ရာ ဆည်ကို ဖျက်ဆီးတာ၊ ပျက်စီးစေတာ ဒီပြစ်မှုတွေ ကျူးလွန်ရင် သေဒဏ်ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ပုဒ်မခွဲ(၂)မှာ ပြဋ္ဌာန်းထားတာကတော့ ဘယ်သူမဆို အများပြည်သူတွေ ဒုက္ခဖြစ်အောင်၊ အသက်ဆုံးရှုံးအောင်၊ အများပြည်သူရဲ့ အသက် ဒါမှမဟုတ် လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်အောင် ကြံစည်ပြီး လုပ်ရန်ဖြစ်စေ၊ ဒါမှမဟုတ် ဒီလိုအန္တရာယ်တွေဖြစ်လိမ့်မယ်ဆိုတာ သိလျက်နဲ့ ဖြစ်စေ၊ ပုဒ်မခွဲ(၁)မှာ ဖော်ပြထားတဲ့ အရာဝတ္ထုတစ်ခုခုကို ဖျက်ဆီးဖို့ မိုင်းဗုံးဖြစ်စေ၊ ယမ်းဘီလူးဖြစ်စေ တစ်နည်းနည်း အသုံးပြုလျှင် ဒီလူကို သေဒဏ်ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်း ထားတယ်။ ပုဒ်မ ၆-ကရဲ့ ပုဒ်မခွဲ(၃)မှာ ပြဋ္ဌာန်းထားတာ ကတော့ ဒီပုဒ်မရဲ့ ပုဒ်မခွဲ(၁)နဲ့ (၂)မှာ ဘယ်လိုပဲ ပါစေဦးတော့ အတင်းအဓမ္မခြိမ်းခြောက်ခံရလို့ အဲဒီပုဒ်မခွဲ(၁) ဒါမှမဟုတ် ပုဒ်မခွဲ(၂)မှာ ဖော်ပြထားတဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရင် ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ထိုက်သင့်စေရမယ်လို့ ပြဋ္ဌာန်းထားတယ်”

မနီလာ။ “ပုဒ်မ ၆-က အရ အရေးယူဖို့ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုတွေကလဲ အကြမ်းဖက်တဲ့ ပြစ်မှုတွေပဲ ဖေဖေ။ အများပြည်သူတွေ အသက်အန္တရာယ်ဖြစ်စေနိုင်တဲ့ မီးရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်တွေ၊ လမ်းတွေ၊ တံတားတွေ၊ ရေလှောင် ကန်တွေ၊ ဆည်တွေကို ဖောက်ခွဲဖျက်ဆီးတာ အကြမ်းဖက်မှုတွေ မဟုတ်ဘူးလား ဖေဖေ”

ဦးမြင့်။ “မှန်တာပေါ့၊ ခုခေတ်မှာတော့ အကြမ်းဖက်မှုအဖြစ် သတ်မှတ်ကြတဲ့ လုပ်ရပ်တွေပေါ့။ ပြစ်မှုကြောင့် ဖြစ်ပေါ်နိုင်တဲ့ ထိခိုက် နစ်နာဆုံးရှုံးမှုတွေဟာ များပြား ကြီးမားနိုင်တဲ့အတွက် ဒီပြစ်မှု တွေအတွက် ပြစ်ဒဏ်ကိုလဲ သေဒဏ်ကျခံစေဖို့ ထိရောက်စွာ သတ်မှတ်ခဲ့ကြပါတယ်။ ဒီပြစ်မှုတွေ ကျူးလွန်တဲ့အခါ ပါဝင်တဲ့ သူတစ်ယောက်အနေနဲ့ သူဟာ အတင်းအဓမ္မခြိမ်းခြောက်ခံရလို့ ပြစ်မှုကျူးလွန်ရာမှာ ပါရတာပါလို့ ဆင်ခြေပေးလို့ မရဘူး။ သူများခြိမ်းခြောက်ခံရလို့ ဖြစ်ဖြစ် ဒီပြစ်မှုမျိုးမှာ ပါဝင်ရင် ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်တယ်ဆိုတာ တွေ့ရ ပါတယ်”

(ဆက်လက်ဖော်ပြပါမည်)

စာပေလက်ထောက်-၂ ရာထူးများအတွက် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထုတ်လုပ်ရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသော စာပေလက်ထောက်-၂ (လစာနှုန်း ကျပ် ၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရာထူးနေရာများအတွက် သတ်မှတ်ချက် အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်းကို ဇွန် ၇ရက်ထုတ် သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူခဲ့ပြီး ဖြစ်သည်။

စစ်ဆေးမည်

အဆိုပါ ရာထူးနေရာများအတွက် လျှောက်ထားသူများအား ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ဇူလိုင်၂၆ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ မြန်မာစာဘာသာရပ်နှင့် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ အထွေထွေဗဟုသုတဘာသာရပ်ကို လည်းကောင်း စစ်ဆေးမည် ဖြစ်သည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို ဇူလိုင် ၂၁ရက်မှ ၂၅ရက်အထိ ရုံးချိန်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့တွင် ဖြေဆိုသူ၏ မှတ်ပုံတင်ကတ်ပြားကိုပြ၍ ထုတ်ယူနိုင်သည်။

ဆက်သွယ်စုံစမ်း

အသေးစိတ်သိလိုသည့် အချက်များရှိပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းရုံး ဖုန်း-၀၁-၂၇၁၃၃၉၊ ၀၁-၂၅၄၂၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇူလိုင်၂၀ရက်က တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း သီတာလူငယ် ဆွမ်းလောင်းအသင်း၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းလောင်းအသင်း ဓမ္မာရုံ ပြုပြင်မွမ်းမံခြင်း ရေစက်ချပွဲအခမ်းအနားကို ကျင်းပရာ အသင်းသူ အသင်းသားများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဇူလိုင် ၂၀ရက်က မန္တလေးအသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း(ရန်ကုန်)၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ အမှူးပြုသည့် သံဃာတော်များအား မန္တလေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးမြသောင်းက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

ပြန်ကြားရေးဝန်ကြီး ဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ နေမျိုးသန့်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ဝင်းဝေနောင်၊ ချမ်းမြဆောင်း (ကလော)၊ မြတ်ဘုန်း(တပ်ကုန်း)၊ မောင်မောင်(မုံရွာ)၊ အန္တ(ရွှေဘို)၊ မြေလတ် ညိုလင်း၊ တင်မောင်(စလင်း)၊ ပြည့်ဖြိုးသီ၊ ကျော်စွာသူ(သာယာဝတီ)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ မောင်အောင်မြင်(မိတ္ထီလာ)၊ မောင်သာမန်(ဇီးကုန်း)၊ မွေးငယ်ငယ်၊ ကိုသက်(ဇီးကုန်း)၊ တက္ကသိုလ်စိုးယဉ်၊ မြန်မာ့အသံသိန်းဟန်၊ ချစ်စံဝင်း၊ စစ်ကိုင်းစိမ်းစိမ်း၊ လှိုင်မြင့်ဦး၊ နီငြိမ်း(အညာတက္ကသိုလ်)၊ သက်ဦးနိုင်(မြဝတီ)၊ ဒင်းပုန်း အရှင်မဏ္ဍလ၊ မြင်းမူဦးအောင်မြင့်သိန်း၊ အောင်စိုး(တိရစ္ဆာန် ဆေးကုဆရာဝန်)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မောင်စိုးထိုက်(သုံးဆယ်)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ရဲမင်းထွန်း၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ မောင်မောင်မိုးအောင်၊ စေတနာလှိုင်(ရေစကြို)၊ စည်းခုံမြေ-မောင်စိန်ဝင်း၊ မော်ကျွန်းရဲခိုင်၊ ဇလွန်ကျော်ဦး၊ ဇင်မင်း(သမိန်ထော)၊ ရွှေဘိုသီရိမာလာ၊ သန့်ဇင်လတ်(ပညာရေး)၊ မိုးမြင့်လွင်၊ စိုးစံ၊ မောင်နေမွန်၊ ဟာမိုနီ၊ ဟန်ထွေးနိုင်တို့၏ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများ၊ စာပေအလင်း စာပေသတင်းကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ပြဇာတ်၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင် ကဗျာပန်းရုံရိပ်တို့ဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်္ဂလာဈေးဓမ္မာရုံ တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)သည် ဇူလိုင် ၂၄ရက် ည၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်း

(ဇူလိုင် ၂၁ရက် မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်ချက်)

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာ (၀ ဒသမ ၃ ပေ) ခန့်ကျော်လွန်နေသော်လည်း အဆိုပါ မြစ်ရေသည် တစ်နာရီလျှင် ၀ ဒသမ ၈ စင်တီမီတာနှုန်းဖြင့် ကျဆင်းနေပြီး ယနေ့မှစ၍ နောက် ၂၄နာရီအတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာ အောက်သို့ ပြန်လည်ကျဆင်းမည် ဟုခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

ရန်ကုန် ဇူလိုင် ၂၁

ဇူလိုင် ၂၀ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို လေ့လာဆန်းစစ်ကြည့်လျှင် လီမင်နိုင်ငံအရှေ့တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ အမေရိကန်နိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းဒေသ၌ ခရစ်တိုဘယ်လ်အမည်ရှိ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့၌ လေပြင်းများတိုက်ခတ်၍ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ဇူလိုင် ၂၁ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်လျှင် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင်မူ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ မန္တလေးတိုင်းတွင်နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာသွန်းခဲ့သည်။

ဇူလိုင် ၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၂၀ လက်မ	**မိုးကုတ်**	၃ ဒသမ ၀၇ လက်မ
ပူတာအို	၂ ဒသမ ၄၈ လက်မ	**သံတွဲ**	၁ ဒသမ ၇၇ လက်မ
မြစ်ကြီးနား	၁ ဒသမ ၄၅ လက်မ	**ပုသိမ်**	၁ ဒသမ ၄၁ လက်မ

ဇူလိုင် ၂၂ရက် **(ယနေ့)** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းနိုင်ပြီး ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းနိုင်သည်။ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်မူ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၂၂ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေကာ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၁

၁၉၉၆ခုနှစ်က စတင်ထုတ်ဝေခဲ့သည့် မြန်မာနိုင်ငံ၏ သက်တမ်းအရှည်ဆုံး ပြည်တွင်းပြည်ပ သတင်းဂျာနယ်ဖြစ်သည့် ပြည်မြန်မာသတင်းဂျာနယ်၏ ယခုတစ်ပတ်ထုတ် ဂျာနယ်အမှတ်(၆၂၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Sewsone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ကဏ္ဍမျိုးစုံ

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်တွင် မြန်မာနိုင်ငံမှ အရှေ့တောင်အာရှနိုင်ငံများသို့ ကွန်တိန်နာတင်သင်္ဘောလိုင်းများ တိုးချဲ့ပြေးဆွဲ၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းမကြီးရှိ အထည်ဆိုင်မှ လူသတ်မှုသတင်းနှင့်ပတ်သက်၍၊ လေအားလျှပ်စစ်ကို ကျေးလက်များ၌သာမက ရန်ကုန်စက်မှုဇုန်များတွင်ပါအသုံးပြုလာ၊ Myanmar's Leading Hotel ဆုကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)က ရရှိ၊ ရေငန်ဝင်လယ်ယာများ ရေသွင်းရေထုတ် စနစ်တကျလုပ်ရုံဖြင့် မြေဆီလွှာကို ထိရောက်စွာ ပြုပြင်နိုင်၊ ကျော်ဟိန်းက ယခုနှစ်နိုဝင်ဘာလ ၄ရက် ညသန်းခေါင်မှစ၍ အနုပညာအလုပ်မှနားကာ ရာသက်ပန်ဘုန်းကြီးဝတ်မည်ဟု ကြေညာလိုက်သဖြင့်…၊ စင်ကာပူမှာ ကျောင်းသူဖြစ်ခဲ့တဲ့ မိုးဟေကို၊ ဒွေး တစ်နှစ်ပြည့်အမှတ်တရ သီချင်းခွေဖြန့်ချိ၊ စင်တင်ဖျော်ဖြေပွဲများ သီဆိုခြင်းကို သုံးနှစ်ကျော် ရပ်နားထားခဲ့သည့် လေးဖြူ ရှေ့လ ၁၆ရက်နေ့တွင် ပြန်လည်သီဆိုဖျော်ဖြေမည်။ ရုပ်မြင်နိုင်သည့် 3G WCDMA ကို ဘယ်လိုသုံးမလဲ၊ Black Hole အဖွဲ့နှစ်ဖွဲ့ရှိနေသဖြင့်… ရာသီဥတုဖောက်ပြန်မှုများကို ကာကွယ်ရန်အတွက် ရေပေါ်မြို့တော်များ တည်ဆောက်မည်။ မြေ ၁၁ဧကနှင့် အိမ်တစ်လုံးကို ၅၅ဒေါ်လာဖြင့်သာ ရောင်းချမည်ဟုဆို၊ ငါးမန်းများနှင့်အတူ ရေလွှာလျှောစီးကြသူများ၊ မယ်စကြဝဠာပြိုင်ပွဲတွင် အမေရိကန် အလှမယ်များ နှစ်နှစ်ဆက်တိုက် ချော်လဲကျခဲ့ကြ၊ နိုင်ငံတကာစက်ရုပ်ဖလား ဘောလုံးပြိုင်ပွဲကို တရုတ်တွင်ကျင်းပ၊ China Southern Airlines ကြယ်ငါးပွင့်အဆင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဂုဏ်ပြုဆု ချီးမြှင့်ခံရ၊ မြန်မာကျေးလက်၌ နေရောင်ခြည်စွမ်းအင်သုံး လက်စွဲမီးအိမ်များ အသုံးပြုနိုင်ရန် အိန္ဒိယစီစဉ်၊ ရေအောက်၌ ဘဲလေးကကြသူများ၊ ဓာတ်ခွဲခန်း၌ ခွေးပိုင်ရှင်များ မိမိတို့၏ခွေးကို ပုံတူမျိုးပွားနိုင်ပြီ စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံ ထည့်သွင်းဖော်ပြထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၈ရက်က ကျင်းပရာ ASIA EXPRESS Co., Ltd. မှ ဥက္ကဋ္ဌဦးမောင်မောင် (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ)၊ ဒါရိုက်တာ ဒေါ်ခင်ဝါဝါ(သုဓမ္မသိင်္ဂီ)တို့က ဝါဆိုသင်္ကန်း အစုံ ၁၀၀ မတည်၍ ကျောင်းဒါယကာ၊ ဒါယိကာမများက စုပေါင်းလှူဒါန်းကြသည်။

ထို့နောက် လေမုန်တိုင်းကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်နှင့် စိန်ရတုငါးထပ်ကျောင်းကြီးလှေကားပြုလုပ်ရန်အတွက်အလှူငွေများ

ပေးအပ်ရာ ကျောင်းတော်ကြီးတည်ဆောက်ရေးနာယက ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆွမ်းပဒေသာပင်နှင့် ရေ၊ လျှပ်စစ်မီး သုံးစွဲရန်အတွက် အလှူငွေများကိုလည်း ကုမ္ပဏီက လစဉ်လှူဒါန်းမည်ဟု သိရသည်။ **(က-ပ)**

တာမွေမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

တာမွေမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည်။

ပရိတ်တရားနာယူ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မသုခစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုဇာတထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးမင်းသိမ်း၊ မြို့နယ်အသင်းအတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့် အမှုဆောင်များက ဝါဆိုသင်္ကန်း ၄၆စုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တသုဇာတထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်စောထွန်း အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်းတံတားအဆောက်အအုံနှင့် စီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများ၊ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဖြည့်စွက်မှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ပြည်နယ်နှင့် တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေ၊ စက်ယန္တရားနှင့် စက်သုံးဆီရရှိသုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ နမ့်လန်မြို့ အထက်တန်းကျောင်းခန်းမ၌ကျင်းပ

သီပေါ ဇူလိုင် ၁၈

ကျောင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်မြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်၌ ဇူလိုင် ၁၃ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ဆွေးနွေး

အစီအစဉ်အရ နမ့်လန်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်က အမှာစကားပြောကြား၍ မြို့နယ်ပညာရေးမှူးဦးသန်းဆွေက ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုင်းသာလှိုင်က နမ့်လန် အထကကျောင်း စာကြည့်တိုက်အတွက် စာအုပ်လှူဒါန်းမှုအခြေအနေနှင့် စာကြည့်တိုက်တွင်ရှိရမည့် အချက်ငါးချက်တို့ကို ရှင်းလင်းဆွေးနွေးပြီး စာရေးဆရာဇာဏီဟိန်း (သီပေါ)က သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းကာကွယ်ရေးကိစ္စများကို ဆွေးနွေးဟောပြောသည်။ **(ဝ၂ဝ)**

တပ်မတော်(ကြည်း/ရေ/လေ)စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း/ရေ/လေ)စားပွဲတင်တင်းနစ် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၇နာရီက အရှေ့တောင်တိုင်း စစ်ဌာနချုပ် မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်း အမျိုးသမီး တစ်ဦးချင်းပွဲစဉ်ကို လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်း အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆုချီးမြှင့်ပေး

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပရာ အမျိုးသမီးအငယ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများအား ဒုတိယဗိုလ်မှူးကြီးအောင်မိုး၏ ဇနီးကလည်းကောင်း၊ အမျိုးသမီး အကြီးတန်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိသူများအား ဒုတိယဗိုလ်မှူးကြီး စိုးမြင့်၏ဇနီးကလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသူများအား ဒုတိယဗိုလ်မှူးကြီး အေးဟန်၏ ဇနီးကလည်းကောင်း၊ အမျိုးသား အငယ်တန်း တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆု ရရှိသူများအား တပ်မတော်အားကစား စားပွဲတင်တင်းနစ် ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းထွန်းဦးကလည်းကောင်း၊ အမျိုးသား အလတ်တန်းတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသား အကြီးတန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသူများအား ဒုတိယ

ဗိုလ်မှူးကြီးအောင်မိုးက လည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသူများအား ဒုတိယဗိုလ်မှူးကြီး စိုးမြင့်က လည်းကောင်း၊ ၄၅နှစ်အထက် အမျိုးသား တစ်ဦးချင်းပြိုင်ပွဲနှင့် အုပ်ချုပ်သူအရာရှိ တစ်ဦးချင်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆု ရရှိသူများအား ဒုတိယဗိုလ်မှူးကြီး အေးဟန်တို့က ဆုများ ချီးမြှင့်ပေးကြသည်။

ထို့နောက် အမျိုးသမီးအသင်းလိုက် ပူးတွဲ တတိယဆုရ နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းအား ဒုတိယဗိုလ်မှူးကြီး မောင်မောင်၏ဇနီးက လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအား ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၏ ဇနီးကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် ဒုတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အသင်းအား ဒုတိယ ဗိုလ်မှူးကြီးဇော်မြင့်၏ ဇနီးကလည်းကောင်း၊အသင်းလိုက်ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တိုင်းဦးစီးဗိုလ်မှူးကြီးဇနီးက လည်းကောင်း၊ အသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်(ရေ) အသင်းနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အသင်း ဒုတိယဆုရ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းတို့အား ဒုတိယဗိုလ်မှူးကြီး ဇော်မြင့်က လည်းကောင်း၊ အသင်းလိုက် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် အသင်းနှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုနှင့် အတိုးတက်ဆုံး အားကစားသမားဆုများကို တိုင်းဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီးမျိုးအောင်ဌေးက လည်းကောင်း၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုနှင့် အတိုးတက်ဆုံး အားကစားသမားဆုများကို အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ဆုများချီးမြှင့်ပေးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းတို့အား တံခွန်စိုက်ဒိုင်းများကို ချီးမြှင့်ပေးသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘရူနိုင်းသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၁

ဘရူနိုင်းနိုင်ငံတွင် ဇူလိုင်၁ရက်မှ ၂၃ရက်အထိ ကျင်းပမည့် တရားဝင် သစ်မှန်ကန်ကြောင်း စစ်ဆေးသည့် စနစ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဦးကျော်ထွန်း၊ သစ်ထောက်ခံချက် ပြုစုရေးကော်မတီဥက္ကဋ္ဌ ဦးရွှေကျော်၊ မြန်မာ့သစ်လုပ်ငန်းမှ မန်နေဂျာ ဦးဝင်းရွှေနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်အသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးဇော်ဝင်းတို့ ပါဝင်သော အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယမန်နေ့ နံနက်ပိုင်းက ဘရူနိုင်းနိုင်ငံသို့ထွက်ခွာသွားကြရာ**(ဝဲပုံ)** မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် အမှုဆောင်အရာရှိ ဦးရှိန်မင်းတို့ ပို့ဆောင်ကြကြောင်း သိရသည်။

(က-ပ)

လေဘေးကာလက ဆန်အဝင်နည်းခဲ့သော်လည်း ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှဆန်များ အစားထိုးဖြည့်ဆည်းပေးနိုင်

ယနေ့ ရန်ကုန်ဆန်ဈေးကွက် ပုံမှန်ပြန်လည်ရောက်ရှိလာ

သတင်းမြင်ကွင်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စက်ပိုင်ရှင်များအသင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့ ပူးပေါင်းပြီး ရန်ကုန် ဆန်အဝင် ပုံမှန်ရောက်ရှိရေး၊ သယ်ယူပို့ဆောင်မှု အခက်အခဲများ၊ ဆန်စက်များ ပုံမှန်လည်ပတ်နိုင်ရေးတို့ကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့။

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ၏ အခြေခံစားကုန်များသည် ဆန်၊ဆီ၊ဆားတို့ဖြစ်ကြသည်။ ''ဆန်ဈေးတွေ ကျနေတယ်'' ဟူသော အသံများကြောင့် ရန်ကုန် ဆန်ဈေးကွက်တည်ရှိရာ

''ရန်ကုန်ဆန်ဈေးကွက် ဇွန်လအတွင်း ပုံမှန်ပြန်ရောက်ရှိလာပါပြီ။''

ဦးအောင်သန်းဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း။

ရန်ကုန်မြို့ ဝါးတန်း ဆိပ်ကမ်းနယ်မြေ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါး ကုန်စည်ဒိုင် ဈေးကွက်သို့ ဇူလိုင် ၂၁ရက်နံနက်က ရောက်ရှိခဲ့သည်။ ကြီးမားကျယ်ပြန့်လှသော ဆိပ်ကမ်းဂိုဒေါင်ကြီးအတွင်း ဆန်စပါးရောင်းသူများ၊ ဝယ်ယူသူ ကုန်သည်ပွဲစားများဖြင့် ပြည့်ကျပ်နေသည်ကို တွေ့မြင်ရသည်။ ခုံရှည် စားပွဲများပေါ်တွင် ဆန်နမူနာများ၊ အဆိုပါဆန်ကို ချက်ထားသည့် ထမင်းအိုးငယ်များ ချထားကာ ရောင်းသူရော ဝယ်မည့်သူပါ ဈေးနှုန်းညှိနှိုင်းနေကြသည်။ ဆန်လာရောက်ဝယ်ယူသူ ကုန်သည်တစ်ဦးအား ရောင်းဝယ်ပုံကို မေးကြည့်ရာ ''မည်သည့်ဈေးနှုန်းမျှ ကန့်သတ်ထားခြင်း မရှိကြောင်း၊ ဆန်အရည်အသွေးပေါ် မူတည်၍ အကဲဖြတ်ကာ ဝယ်သူနှင့် ရောင်းသူ ဈေးနှုန်းညှိနှိုင်း ရောင်းချခြင်းဖြစ်၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ပင်ဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းတွေ ကျဆင်းနေပါကြောင်း'' ပြောကြားသည်။

အရောင်းအဝယ် လုပ်မည့်ဆန်နမူနာကို အိုးငယ်ဖြင့် လက်တွေ့ ထမင်းချက်ကြည့်ပြီးမှ ဤသို့ အရောင်းအဝယ်ဈေးညှိကြသည်။ (မြန်မာ့အလင်း)

နေ့စဉ်ဝင်ရောက်

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးအား တွေ့ဆုံ၍ ကုန်စည်ဒိုင်သို့ ဆန်နေ့စဉ်ဝင်ရောက်မှု အခြေအနေကို မေးမြန်းရာ ''ဆန်ဈေးတွေ ကျဆင်းနေပါတယ်။ ဧရာဝတီတိုင်း ခုနစ်မြို့နယ်နဲ့ ရန်ကုန်တိုင်းတွေမှာ လေမုန်တိုင်းဒဏ်ကြောင့် ဆန်စက်အချို့ ပျက်စီးခဲ့ပြီး မြစ်ချောင်းများမှာ လှေသမ္ဗန်တွေ အပျက်အစီးရှိခဲ့ပါတယ်။ စပါးသိုလှောင်ရုံအချို့ အမိုးလန် ပျက်စီး

ရတနာဒေဝီ၊ မင်းစိန်၊ မြတ်မြတ်သင်း သင်္ဘောများဖြင့် ဖျာပုံမြို့မှ ရောက်ရှိလာသော ဆန်များကို ရန်ကုန်မြို့ ကီလီဆိပ်ကမ်း၌ သယ်ချနေကြစဉ်။ (မြန်မာ့အလင်း)

ခဲ့လို့ ရန်ကုန် ဆန်ဈေးကွက်အတွင်းကို မေလအတွင်းက ဆန်ဝင်ရောက်မှုများ လျော့နည်းခဲ့ပါတယ်။ တစ်ရက်လျှင် ပျမ်းမျှ ဆန်အိတ်လေးသောင်းကျော်ဝင်ရောက်ခဲ့ရာက သုံးသောင်းခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ စားသုံးသူတွေ အစိုးရိမ်လွန်ပြီး အလုအယက်ဝယ်ယူခဲ့ကြလို့ အချို့ဆန်များ ဈေးနှုန်းမြင့်တက်ရောင်းချခဲ့၍ ဆန်ဈေးနှုန်းမြင့်တက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလို ဆန်ဈေးနှုန်းတက်ခဲ့တာကြောင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စက်ပိုင်ရှင်များအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့ ပူးပေါင်းပြီး ရန်ကုန် ဆန်အဝင် ပုံမှန်ရောက်ရှိရေး၊ သယ်ယူ ပို့ဆောင်မှု အခက်အခဲများ၊ ဆန်စက်များ ပုံမှန်လည်ပတ်နိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အခြား ဆန်ပိုလျှံသည့် တိုင်းများဖြစ်တဲ့ ပဲခူးတိုင်း (အနောက်ခြမ်း)၊ ပဲခူးတိုင်း (အရှေ့ခြမ်း)၊ စစ်ကိုင်းတို့က ဆန် တွေကို အစားထိုးဖြည့်ဆည်းပေးနိုင်ခဲ့လို့ ရန်ကုန်ဆန်ဈေးကွက်မှာ ဇွန်လအတွင်းပုံမှန်ပြန်လည်ရောက်ရှိပြီးအခုလို ဆန်ဈေးနှုန်းတွေကျဆင်းလာတာဖြစ်ပါတယ်'' ဟု မြန်မာ့အလင်းသို့ရှင်းလင်းပြောကြားသည်။

ဝင်ရောက်

''ဧရာဝတီတိုင်းမှ မူလမကြိတ်ခွဲနိုင်သော စပါးများနှင့် ရေစိုဆန်များပါ ရန်ကုန် ဆန်ဈေးကွက်သို့ ဝင်ရောက် လာခဲ့သဖြင့် ဧည့်မထ၊ ပေါ်ဆန်း၊ ဧယာဆန်များ ဈေးနှုန်း သိသိသာသာ ကျဆင်းလာခဲ့သည်။ ပေါ်ဆန်းရေစိုအဝါများမှာ ဧည့်မထ၊ ငစိန်ဆန် ဈေးထက်ပင် လျော့နည်းလျက်ရှိကြောင်း ကြားသိခဲ့ရသည်။ ရေစိုဆန်များ အဝင်များမှုကြောင့် တစ်နေ့လျှင် အိတ်ရေခုနစ်သောင်းအထိပင် ဝင်ရောက်သည့်နေ့ရှိကြောင်း၊ ပေါ်ဆန်းဆန်ကောင်းနှင့် ရေစိုဆန်သည် ဈေးနှုန်းလေးဆ၊ တစ်ဆ ကွာဟကြောင်း၊ ငစိန်၊ ဧည့်မထသည် သုံးဆ တစ်ဆကွာဟကြောင်း၊နှစ်ပေါက်သည်အထိ ဆန်ဈေးနှုန်း တက်စရာ အကြောင်းမရှိပါကြောင်း'' ဖြင့် ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးစိုးမောင်က ရှင်းပြသည်။ လေဘေးသင့်ခဲ့၍ ဆန်ဈေးတွေ တက်မည်မှာ မှန်ကန်မှုမရှိပါကြောင်း သတင်းမြင်ကွင်း ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အလာစကာမီးတောင်လှုပ်ရှားလာပြန်

အလာစကာ ဇူလိုင် ၂၁

အလာစကာမီးတောင်သည် ပြာမှုန်နှင့် မီးခိုးများကို ဆက်လက်မှုတ်ထုတ်နေလျက်ရှိကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာဌာနက ဇူလိုင် ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါမီးတောင်မှာ လှုပ်ရှားနေသဖြင့် အနီးဝန်းကျင် ခြောက်မိုင်ပတ်လည်၌ အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ထားကြောင်း၊ လေကြောင်းလိုင်းများကို သတိပေးချက်များ ထုတ်ပြန်ပေးထားကြောင်း၊ မီးတောင်အနီးဝန်းကျင်၌ သွားလာမှုများ ပိတ်ပင်ထားကြောင်း သိရသည်။

အမေရိကန် မင်နာပိုလစ်မြို့၌ လေဆင်နှာမောင်း မွှေနှောက်

မင်နာပိုလစ် ဇူလိုင် ၂၁

အမေရိကန်နိုင်ငံ မင်နာပိုလစ်မြို့တွင် ဇူလိုင် ၂၁ရက် ဒေသစံတော်ချိန် ညနေ ၅နာရီခန့်က လေဆင်နှာမောင်းမွှေနှောက်တိုက်ခတ်သွားကြောင်း အမေရိကန်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

ဓာတ်တိုင်များပြိုလဲ

ထိုသို့ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးကာ သစ်ပင်များ အမြစ်မှကျွတ်ထွက်ပြိုလဲကျခဲ့ကြောင်း၊ ဓာတ်တိုင်များ ပြိုလဲခဲ့သဖြင့် ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

တရုတ်အနောက်မြောက်ပိုင်း၌ရေလွှမ်း သုံးဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေ

စီအင် ဇူလိုင် ၂၁

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ်တွင် ဇူလိုင် ၂၁ရက်က မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် နေအိမ်များရေလွှမ်းကာ သုံးဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အမျိုးသား မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

လိုက်လံရှာဖွေ

ရေလွှမ်းမှုဖြစ်ပွားသည့်အရပ်မှာ မင်စီယန်ခရိုင်၌ဖြစ်ပြီး မိုးသက်လေပြင်းများ ကျရောက်မှုကြောင့် နေအိမ်အချို့လည်း ပျက်စီးခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးသူများကို ကယ်ဆယ်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ဂွာတီမာလာအရှေ့ပိုင်း၌ မြေပြို ၁၂ဦးသေဆုံးပြီး နေအိမ်များပျက်စီး

မက္ကဆီကိုစီးတီး ဇူလိုင် ၂၁

ဂွာတီမာလာနိုင်ငံ အရှေ့ပိုင်း ကျေးရွာတစ်ရွာ၌ ဇူလိုင်၂၁ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၂ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကာ နေအိမ်အချို့ပျက်စီးခဲ့ကြောင်း ဂွာတီမာလာနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ရုတ်တရက်ပြိုကျ

ဖြစ်ပွားမှုမှာ ဂွာတီမာလာနိုင်ငံ ဇာကာပါပြည်နယ် လာယူနီယန်မြို့အနီး ကျေးရွာတစ်ရွာ၌ဖြစ်ပြီး တောင်ပေါ်မှ အလွန်ကြီးမားသော ကျောက်တုံးကြီးများနှင့် မြေစိုင်ခဲကြီးများ ကျေးရွာနေအိမ်များပေါ်သို့ ရုတ်တရက်အိပြိုကျခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြိုကျမှုကြောင့် ကျေးရွာအတွင်းရှိ တံတားများပျက်စီးခဲ့ပြီး လမ်းများအပေါ် မြေကြီးနှင့် ကျောက်တုံးများ ဖုံးလွှမ်းသွားခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းနေကြရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အောက်ပုံ)**

အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်း

ရာသီပိတ် ကွင်းပိတ်ဗိုလ်လုပွဲမှာ ဘယ်အသင်းအောင်ပွဲခံမလဲ

သတင်းမှတ်စုနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲတွေဟာ ဇူလိုင် ၂၂ရက် **(ယနေ့)**မှာ အောင်မြင်စွာပြီးဆုံးတော့မှာဖြစ်ပါတယ်။ ဒီနေ့ညနေ အောင်ဆန်းကွင်းမှာ အဆင့်မြင့်တန်းကွင်းပိတ်ဗိုလ်လုပွဲကို ကျင်းပမှာဖြစ်ပြီး ထိပ်သီး အသင်းကြီးတွေဖြစ်တဲ့ ဘဏ္ဍာ/အခွန်နဲ့စီးပွား/ကူးသန်းတို့ ထိပ်တိုက်တွေ့ဆုံနေကြပါတယ်။ မြန်မာလိဂ်ရဲ့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး အသင်းကြီးနှစ်သင်းတွေ့ဆုံတဲ့ အဲဒီဗိုလ်လုပွဲဟာ ဘောလုံးပရိသတ်အတွက် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။

ကွင်းပိတ်ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကြမယ့် စီးပွား/ကူးသန်းနဲ့ ဘဏ္ဍာ/အခွန်တို့ရဲ့ တွေ့ဆုံမှုဟာ အခု ၂၀၀၇-၂၀၀၈ ဘောလုံးရာသီအတွင်း လေးကြိမ်မြောက် တွေ့ဆုံကြတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးကြိမ်မှာတော့ စီးပွား/ကူးသန်းအသင်းက မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ပွဲမှာ သုံးဂိုး-ဂိုးမရှိ၊ အိုလံပစ်နေ့အထိမ်းအမှတ်ပွဲမှာ နှစ်ဂိုး-တစ်ဂိုးတို့နဲ့ နှစ်ကြိမ် အနိုင်ရထားပြီး ဘဏ္ဍာ/အခွန်က အမှတ်ပေးပွဲမှာ သုံးဂိုး-နှစ်ဂိုးနဲ့ တစ်ကြိမ်ပြန်လည် အနိုင်ရထားပါတယ်။ အခုနှစ်ဘောလုံးရာသီရဲ့ ကွင်းဖွင့်ချန်ပီယံ စီးပွား/ကူးသန်း (ကွင်းပိတ်ပြိုင်ပွဲ လက်ရှိချန်ပီယံ)နဲ့ အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်တို့ဟာ သူတို့ရဲ့ ဒုတိယမြောက် ဆုဖလားအတွက် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြတော့မှာ ဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းနဲ့ ဘဏ္ဍာ/အခွန်အသင်းတို့ဟာ ကွင်းပိတ်ပြိုင်ပွဲဗိုလ်လုပွဲမှာ ၂၀၀၂-၂၀၀၃ဘောလုံးရာသီက နောက်ဆုံးတွေ့ဆုံခဲ့ပြီး ဘဏ္ဍာ/အခွန်က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရ

ဘဏ္ဍာ/အခွန် ဘောလုံးအသင်း

နှစ်ရာသီဆက်တိုက် ကွင်းပိတ် ပြိုင်ပွဲတွင် အောင်မြင်မှုဝေးကွာနေမှုကို အဆုံးသတ် ပေးရမည့် ဘဏ္ဍာ/အခွန်အသင်းသား များ။

ဗိုလ်စွဲထားပါတယ်။ အခုဗိုလ်လုပွဲဟာ အဲဒီနှစ်သင်းရဲ့ ငါးနှစ်အကြာမှာ ပြန်လည်တွေ့ဆုံကြတဲ့ပွဲလည်း ဖြစ်ပါတယ်။

ဆက်ထိန်းသိမ်းနိုင်မလား

ပြီးခဲ့တဲ့ ကွင်းပိတ်ဗိုလ်လုပွဲမှာ စွမ်းအင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ရဗိုလ်စွဲထားတဲ့ စီးပွား/ကူးသန်းတို့ဟာ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ဖို့ ကြိုးစားရမှာပါ။ ကမ္ဘာ့အားကစားလောကရဲ့ မှတ်သားဖွယ်စကားတစ်ခုဖြစ်တဲ့ "ချန်ပီယံဆုရရှိရေးသည် ခက်ခဲသောကိစ္စဖြစ်သည်။ ယင်းထက်ပိုမိုခက်ခဲသော ကိစ္စတစ်ခုမှာ ရရှိထားသော ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ကြိုးစားရခြင်းပင်ဖြစ်သည်"ကို စီးပွား/ကူးသန်းတို့ စွမ်းဆောင်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ အခုနှစ်အနည်းငယ်အတွင်းမှာ အကောင်းဆုံးခြေစွမ်းတွေနဲ့ ချန်ပီယံဆုဖလားတွေကို ဆက်တိုက်ဆွတ်ခူးလာသည်အထိ အောင်မြင်လာတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ လက်ရွေးစင်ကစားသမားတွေဖြစ်တဲ့ မင်းသူ၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်တို့အပါအဝင် လူငယ်ကစားသမားတွေနဲ့ အကောင်းဆုံး ပုံစံရနေတဲ့ စီးပွား/ကူးသန်းအသင်းဟာ အခုကွင်းပိတ်ပြိုင်ပွဲ ပထမအဆင့်မှာ တပ်မတော်ကြည်းကို ငါးဂိုး-တစ်ဂိုး၊ ကွာတားဖိုင်နယ်မှာ ကာကွယ်ရေးကို အချိန်ပို၌ သုံးဂိုး-တစ်ဂိုး၊ အကြိုဗိုလ်လုပွဲမှာ Royal Eleven F.C ကို နှစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ရပြီး တက်ရောက်လာခဲ့တာ ဖြစ်ပါတယ်။

အဆုံးသတ်နိုင်မလား

နာမည်ကြီး ဘဏ္ဍာ/အခွန်အသင်းဟာ ကွင်းပိတ်ပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ ဝေးကွာနေတာဟာ ၂၀၀၄-၂၀၀၅ ရာသီပြိုင်ပွဲမှာ ဗိုလ်စွဲပြီးကတည်းကပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်နှစ်မှာ ပြိုင်ပွဲကနေ စောစီးစွာ ထွက်ခွာခဲ့ရမှုကို အခုနှစ်မှာတော့ အဆုံးသတ်နိုင်ခဲ့ပြီး အောင်မြင်မှုပြန်လည်ရယူနိုင်ဖို့ ဗိုလ်လုပွဲကို တစ်ကျော့ပြန် တက်ရောက်နိုင်ခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ အခုနှစ်ဘောလုံးရာသီရဲ့ ကွင်းဖွင့်ပြိုင်ပွဲမှာ အုပ်စု အဆင့်ကနေထွက်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲအစ ပွဲစဉ်တွေမှာလည်း ရလဒ်အချို့ မကောင်းခဲ့ ပေမယ့် နောက်ပိုင်းပွဲစဉ်တွေမှာ တည်ငြိမ်တဲ့ခြေစွမ်းတွေရရှိလာတာကြောင့် အမှတ်ပေး ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်ရောက်ခဲ့ပါတယ်။ အခုကွင်းပိတ်ပြိုင်ပွဲမှာလည်း ခြေစွမ်းပြကစားနိုင်နေပြီး ကွာတားမှာ လယ်ယာ/ ဆည်မြောင်းကို ငါးဂိုး-နှစ်ဂိုး၊ ဆီမီးဖိုင်နယ်မှာ ပြည်ထဲရေးကို သုံးဂိုး-နှစ်ဂိုးတို့နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပထမအဆင့်မှာကစားရမယ့် တပ်မတော်(ရေ)ဟာ ပြိုင်ပွဲကနေ နုတ်ထွက်သွားတာကြောင့် ကွာတားဖိုင်နယ်ကို အလိုအလျောက် တက်ရောက်ခဲ့တာဖြစ်ပါတယ်။

အသင်းကြီးနှစ်သင်း

ဗိုလ်လုပွဲမတိုင်မီ စီးပွား/ကူးသန်းအသင်းနဲ့ ဘဏ္ဍာ/အခွန်အသင်းတို့အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ စီးပွား/ကူးသန်း အသင်းအုပ်ချုပ်သူဦးမြင့်သိန်းက **"အသင်းကြီးနှစ်သင်းဖြစ်သလို ပြင်ဆင်မှုအပိုင်းမှာလည်း သိပ်မကွာကြလို့ အမှားနည်းတဲ့အသင်းက ဗိုလ်စွဲသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းကလည်း လက်ရှိချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ကြိုးစားမှာပါ။ ဘဏ္ဍာ/အခွန်အသင်းဟာ အသင်းကြီးတစ်သင်းဖြစ်သလို ပညာ၊ သမ္မာန်ပြည့်စုံတဲ့ အသင်းတစ်သင်းဖြစ်တာကြောင့် ကျွန်တော်တို့ ခက်ခက်ခဲခဲ ကစားရမှာပါ၊ ဒဏ်ရာရနေတဲ့ ဇော်လင်းထွန်းကလွဲရင် လူစုံတက်စုံ ပါဝင်နိုင်မှာပါ၊ ဗိုလ်စွဲရင် ဌာနဆိုင်ရာအကြီးအကဲတွေက ထိုက်ထိုက်တန်တန် ချီးမြှင့်မယ်လို့ ပြောကြားထားသလို ကစားသမားတွေကလည်း စိတ်ဓာတ်တက်ကြွနေတာကြောင့် ဗိုလ်စွဲမယ်လို့ ယုံကြည်ပါတယ်"**ဟု ဖြေကြားခဲ့ပါတယ်။

အကောင်းဆုံးပြင်ဆင်

ဘဏ္ဍာ/အခွန်အသင်းနည်းပြချုပ် ဦးရဲထွဋ်လေးက **"ကျွန်တော်တို့ အခုရာသီမှာ စီးပွား/ကူးသန်းနဲ့ သုံးကြိမ်တွေ့ဆုံဖူးပြီး တစ်ကြိမ်သာ အနိုင်ရထားကာ နှစ်ကြိမ် ရှုံးနိမ့်ထားပါတယ်။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အိုလံပစ်နေ့အထိမ်းအမှတ်ပွဲမှာ တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာကလည်း ဂိုးနှစ်ဂိုးစပေးလိုက်ရလို့ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ အခုပွဲမှာ ဂိုးစမပေးရဖို့ အရေးကြီးပါတယ်၊ အခု ဗိုလ်လုပွဲမှာ ပွဲပယ်ခံထားရတဲ့ နောက်ခံလူ မင်းမင်းအောင်ကလွဲရင် လူစုံပါဝင်မှာပါ။ ဗိုလ်လုပွဲအတွက် ကျွန်တော်တို့ အကောင်းဆုံး ပြင်ဆင်ပြီး ယှဉ်ပြိုင်သွားမှာပါ"**ဟု ပြောကြားသွားခဲ့ပါတယ်။

လေးကြိမ်ဗိုလ်စွဲထား

အောင်မြင်မှုအစဉ်အလာကြီးမားခဲ့တဲ့ ဘဏ္ဍာ/အခွန်အသင်းဟာ ကွင်းပိတ်ချန်ပီယံဆုကို ၂၁ကြိမ်ဗိုလ်စွဲထားပြီး လက်ရှိတွင် အောင်မြင်မှုတွေပိုင်ဆိုင်လာတဲ့ စီးပွား/ကူးသန်းအသင်းဟာ ကွင်းပိတ်ဒိုင်းကို လေးကြိမ်ဆွတ်ခူးထားပါတယ်၊ အဲဒါကြောင့် အခုဗိုလ်လုပွဲဟာ ဘဏ္ဍာ/အခွန်အတွက် ၂၂ကြိမ်မြောက် ဖြစ်လာမလား၊ စီးပွား/ကူးသန်းအတွက် ငါးကြိမ်မြောက် ဖြစ်လာမလား၊ ဒါ့အပြင် အခုရာသီအတွက် ဒုတိယမြောက် ချန်ပီယံဆုဖလားကို ဘယ်အသင်း ဆွတ်ခူးမလဲ ဆိုတာ....။ ။ **(မြန်မာ့အလင်း)**

စီးပွား/ကူးသန်း ဘောလုံးအသင်း

ချန်ပီယံဘွဲ့ကိုဆက်လက်ထိန်းသိမ်းရမည့် စီးပွား/ကူးသန်း အသင်းသားများ။

ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ရန်ကုန်ရှိ ရေကြည်မြို့နယ်ဖွား ကျောင်းထိုင်ဆရာတော်၁၀ပါးတို့အား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ်၃ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ဦးဘိုးမောင်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အသင်းသူအသင်းသားများ၊ အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်၊ ၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတို့တွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်တို့၏သားသမီးအမည်စာရင်း၊ အသက်၇၅နှစ်နှင့်အထက် အသင်းဝင် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်တို့၏အမည် စာရင်းများကို ဇူလိုင်၂၅ရက်(သောကြာနေ့)နောက်ဆုံးထား၍ ဥက္ကဋ္ဌဦးသန်းမြင့် ဖုန်း- ၀၉-၈၀-၂၂၁၇၁၊ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဆန်း ဖုန်း-၇၀၇၈၉၀၊ အတွင်းရေးမှူးဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁- ၈၉၄၅၈နှင့် ဘဏ္ဍာရေးမှူးဦးကြည်ဝင်း ဖုန်း-၀၉-၉၉-၇၃၆၉၈တို့သို့ ပေးပို့ကြရန်နှင့် ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို အထက်ပါအမှုဆောင်များထံ ဆက်သွယ် လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ကျောက်တံခါး ကွင်းချောင်းဝကျောင်း

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကွင်းချောင်းဝကျေးရွာ ဆေးချောင်းဝကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမာစာရအား အမှူးထား၍ ကျောင်းတွင်းရှိ သံဃာတော်အရှင်သူမြတ်တို့အား ကွင်းချောင်းဝကျေးရွာ ဆိပ်ကမ်းအလုပ်သမားအဖွဲ့များက ဝါဆိုလပြည့်ကျော် ၁ရက်(ဇူလိုင်၁၈ရက်)က ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဘုရားအနေကဇာတင်လှူပွဲနှင့် အသင်းတည်နေရာတိုက်ခန်းဖွင့်ပွဲကို ဇူလိုင် ၂၇ရက် (တနင်္ဂနွေနေ့)နံနက်၆နာရီတွင် အသင်းတည်နေရာ အမှတ်၁၃၆ (ပ)ထပ်(လယ်) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်သည်။ ငါးသိုင်းချောင်းအသင်းသူအသင်းသားများနှင့် နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လာရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌဦးကျော်ဝင်း ဖုန်း-၇၂၆၈၉၅၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည် ဖုန်း-၃၈၁၉၄၇၊ အတွင်းရေးမှူး ဦးအုန်းမြင့် ဖုန်း-၇၂၃၇၅၆၊ ဦးစိုးမြင့် ဖုန်း-၅၄၃၂၈၅၊ ဦးမျိုးမြင့် ဖုန်း-၅၁၈၃၂၇နှင့် ဦးသောင်းထွန်း ဖုန်း-၇၀၅၀၅၆တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာရည်ချွန်ဆုပေးပွဲမကြာမီကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သား သမီးများအတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင်လကုန်တွင် ကျင်းပရန်စီစဉ်ထားသည်။

လျှောက်ထားနိုင်

ဂုဏ်ထူးရရှိသည့် သား သမီးများအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် မိဘများအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်ဖြစ်ကြောင်း အထောက်အထား၊ ဂုဏ်ထူးရရှိသည့် ဘာသာရပ်များအတွက် သက်ဆိုင်ရာကျောင်းများ၏ ထောက်ခံချက်၊ သားသမီးအရင်းအချာဖြစ်ကြောင်း သန်းခေါင်စာရင်းနှင့်အတူ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသို့ ဇူလိုင်၃၁ရက် ညနေ၄နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်ကြသည်။ ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် သားသမီးများ၏ ပညာသင်ထောက်ပံ့ကြေးကိုလည်း ပေးအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လာရောက် လျှောက်ထားနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဇူလိုင် ၉ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြကန်သာပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပန်းအလှပင်၊ အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

22-7 (12).pmd 1 7/23/2008, 2:34 AM

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနုတို့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (အမှတ်-၂လျှပ်စစ်)

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ကြည်ညို

သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရာထမ်း၊ အမှုထမ်းများ၏ တတိယအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ဇူလိုင်၁၇ရက်က ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အလုံမြို့နယ် အောင်မင်္ဂလာ တိုက်သစ်ကျောင်း မဟာနာယက စာချဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလ အမှူးပြုသော ပင့်သံဃာတော် ၁၅ပါး ကြွရောက်တော်မူကြပြီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းနု၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

အစီအစဉ်အရ ဝန်ကြီးနှင့်ဒေ့ပရိသတ်တို့က ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တော်ကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ဆရာတော်ဘဒ္ဒန္တကုဏ္ဍလ အမှူးပြုသော ပင့်သံဃာတော် ၁၅ပါးတို့အား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝါဆိုသင်္ကန်း ၁၁၂စုံနှင့် လှူဖွယ်ဝတ္ထုအစုစု တန်ဖိုးငွေကျပ် ၁၃၁၂၀၀၀ကို ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဝန်ကြီးနှင့်ဒေ့ပရိသတ်တို့သည် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်ပြီး ဓာတ်ငွေ့သုံး တာဘိုင်သုံးလုံးဖြင့် စက်လည်ပတ် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေ၊ ရေနွေးငွေ့သုံး တာဘိုင်ဂျင်နရေတာစက် အကြီးစားပြုပြင်ပြီးစီးမှုနှင့် ကျွမ်းကျင်လုပ်သားများဖြင့် ပြန်လည်တပ်ဆင်ခြင်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး သီလရှင်စာသင်တိုက်များသို့ ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီတာသည် ပို့ဆောင်ရေးဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၁၄ရက်တွင် နေပြည်တော်ပျဉ်းမနားရှိ သုဓမ္မာမေဒနီ သီလရှင်စာသင်တိုက်သို့ သွားရောက်ကြပြီး စာသင်တိုက်ကြီးတွင် သာသနာ့တာဝန်များ ထမ်းဆောင်လျက်ရှိသော သီလရှင်ဆရာကြီး၊ ဆရာလေးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံနှင့်နဝကမ္မအလှူငွေများကို သီလရှင်ဆရာကြီးဒေါ်ဣန္ဒစာရီထံ ပေးအပ်လှူဒါန်းပြီး ဆက်လက်၍ သင်္ကာရာမပရိယတ္တိ စာသင်တိုက်သို့သွားရောက်ကြပြီး စာသင်တိုက်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် နဝကမ္မအလှူငွေများကို သီလရှင်ဆရာကြီးဒေါ်သမ္မာရီထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဌာနကြီးမှူးနှင့်အဖွဲ့ဝင်များသည် ဇေယျာရာမသီလရှင် စာသင်တိုက်သို့ သွားရောက်၍ ဆွမ်းဆန်တော်၊ ဆီ၊ သီလရှင်ဝတ်စုံနှင့်နဝကမ္မအလှူငွေများကို သီလရှင်ဆရာကြီး ဒေါ်ကစ္စေသီထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုမှာ တန်ဖိုးငွေကျပ် ၇၅၈၂၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၉ရက်က ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခိုက်ခံရသော ဒေသများအတွက် မန္တလေးမြို့ အမှတ် ၁၇၃၊ ၂၆ X ၈၃ လမ်းထောင့်နေ ဦးမောင်မောင်ဝိန် ဇနီး ဒေါ်မိမိခင်(ကြံတိုင်းအောင်)မိသားစုက ငွေကျပ်သိန်း၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အခမ်းအနားကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ဇူလိုင် ၁၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး၊ အသင်းငါးသင်းမှ ခေါင်းဆောင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အရိပ်ရသစ်ပင်ကြီးမျိုးများ စိုက်ပျိုးကြစဉ်။ (က-ပ)

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ထူးချွန်ကျောင်းသားများအား ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းဆိုင်ရာကုမ္ပဏီက ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် S.R Shipping Co.,Ltd.၏ စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်၍ ရေကြောင်းဆိုင်ရာဘာသာရပ်များ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၉ရက်နေ့ ညနေ ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

မိတ်ဆက်စကား

အခမ်းအနားတွင် S.R Shipping Co.,Ltd.မှမန်နေဂျာဦးမေအောင်က ကိုရီးယားသမ္မတနိုင်ငံSTX Pan Ocean & STX Pos Ship Management Co., Ltd.မှ ပညာသင်ဆုပေးရခြင်းအကြောင်းကို ပဏာမရှင်းလင်းတင်ပြပြီး ကိုရီးယားသမ္မတနိုင်ငံ

STX Pan Oceanမှ မန်နေဂျင်းဒါရိုက်တာ Mr. Lim Chaeeop က မိတ်ဆက်စကား ပြောကြားသည်။

ဆက်လက်၍ Training Manager Mr.Yang Seung-Heeက STX Pan Ocean & STX Pos တို့၏မိခင် STX စီးပွားရေးအုပ်စုကြီး ကိုရီးယားသမ္မတနိုင်ငံ၌ ပင်လယ်ရေကြောင်းဆိုင်ရာလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေး၊ တည်ဆောက်ရေး၊ သင်္ဘောအင်ဂျင်ထုတ်လုပ်ရေးများဆောင်ရွက်နေမှုနှင့် ရေကြောင်းနှင့်သင်္ဘောဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်ဦးချာလီသန်းက ကိုရီးယားသမ္မတနိုင်ငံမှ ပညာသင်ဆုပေးသော STX Pan Ocean & STX Pos Ship Management Co., Ltd.အား ကျေးဇူးတင်စကားနှင့် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုစကား ပြောကြားသည်။

တစ်ဦးချင်းပေးအပ်

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ Mr. Lim Chaeeop က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် နောက်ဆုံးနှစ်တို့၌ တက်ရောက်ပညာသင်ကြားနေကြသည့် ထူးချွန်ကျောင်းသား စုစုပေါင်း ၂၀အား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆုလက်မှတ်ကို တစ်ဦးချင်းပေးအပ်သည်။

ကမ္ဘာပေါ်တွင် အဆင့်(၄)

ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. သည် STXအမည်ဖြင့် ကမ္ဘာပေါ်တွင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၌ အဆင့် (၄)ရှိပြီး မြန်မာနိုင်ငံမှ S.R Shipping Co.,Ltd.သည် ၂၀၀၇ ခုနှစ်မှစတင်၍ အဆိုပါ ကုမ္ပဏီနှင့် ချိတ်ဆက်ကာ မြန်မာသင်္ဘောသားများ ရှာဖွေအလုပ်ခန့်ထားရေးကို တရားဝင်ဆောင်ရွက်လျက်ရှိသည်။ ဆက်သွယ်ရန် လိပ်စာမှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတာဝါ ဖုန်း-၂၀၃၀၁၂နှင့် ၂၀၁၆၈၇ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ STX Pan Ocean & STX Pos Ship Management Co., Ltd. က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် တက်ရောက်၍ ရေကြောင်းဆိုင်ရာဘာသာရပ်များ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ Mr. Lim Chaeeopက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ တတိယနှစ်၊ စတုတ္ထနှစ်နှင့် နောက်ဆုံးနှစ်တို့၌ တက်ရောက်ပညာသင်ကြားနေကြသည့် ထူးချွန်ကျောင်းသားများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် ဆုလက်မှတ်များပေးအပ်စဉ်။ (သတင်းစဉ်)

မန္တလေးတောင်တော် မိုးရာသီ အမြဲစိမ်းလန်းစိုပြည်လှပရေး အရိပ်ရသစ်ပင်နှင့် မျက်စိပသာဒ အလှပင်များ စိုက်ပျိုး

မန္တလေး ဇူလိုင် ၁၄

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇူလိုင် ၂ရက် နံနက် ၁၀နာရီခွဲက မန္တလေးမြို့ကို ဥယျာဉ်မြို့တော်ဖြစ်စေရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၁၂လမ်း၊ ၆၆လမ်းနှင့် လမ်း၈၀ကြား နန်းမြို့ကျုံးဘေးတွင် သစ်ပင်များ စိုက်ပျိုးနေမှုကိုကြည့်ရှုစစ်ဆေးရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူးက နန်းမြို့ကျုံးပတ်လည်နှင့် လမ်းလယ်ကျွန်းများတွင် အရိပ်ရသစ်ပင်များ၊ မျက်စိပသာဒအလှပင်များ စိုက်ပျိုးထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့တော်ကို ဥယျာဉ်မြို့တော် ဖြစ်စေရေးအတွက် ယခုနှစ် မိုးရာသီတွင် အရိပ်ရသစ်ပင်များ၊ မျက်စိပသာဒ အလှပင်များကို မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် တိုးချဲ့စိုက်ပျိုးရေး၊ မန္တလေးတောင်တော် အမြဲစိမ်းလန်းစိုပြည်လှပရေးအတွက် တိုးချဲ့စိုက်ပျိုးရေး မှာကြားသည်။

ရောင်စုံပန်းအလှပင်များ

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၆၂လမ်း၊ သိပ္ပံလမ်းဆုံ အဝိုင်းပတ်ကို ရောင်စုံပန်းအလှပင်များဖြင့် အဆင့်မြှင့်တင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၁၃)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့မဈေးကြီးနှင့် ကျောင်းကြီးလမ်းဘေးဝဲယာတစ်လျှောက် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို ဇူလိုင် ၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဦးလေး ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာစီစာကုံးပြိုင်ပွဲဆုရသူများ တန့်ယန်း၌ ဆုပေးအပ်

တန့်ယန်း ဇူလိုင် ၂၀

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက်နံနက်၉နာရီက တန့်ယန်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မေငြိမ်းချမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ကေသီအောင် က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ယင်းနောက်ဥပဒေအရာရှိ ဦးအက်စ်ဘဲလေက အမျိုးသမီးများနှင့်ဆိုင်သော ဥပဒေရေးရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးမြင့်သိန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ထူးချွန်ကျောင်းသူ နှစ်ဦး တို့အား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ရေပေးရေး

သပိတ်ကျင်းမြို့နယ် ညောင်ပင်သာကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိမှုရှိ၊ မရှိကို ဇူလိုင် ၅ရက်က အမှုဆောင်အရာရှိ ဦးဂျော့(ချ်)မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဇင်ဇင်သက်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောက်မဲ ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ရက်က ကျောက်မဲမြို့နယ် အောင်မြေသာယာဘုရား ပရိဝုဏ်အတွင်း၌ ကျင်းပရာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိုင်းစန်းလွင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်စိုက်ပျိုးကြသည်။**(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်၊ မဲဇလီ၊ ပျဉ်းကတိုး၊ အော်ရေးရှား၊ ယမနေ၊ စိန်ပန်းနှင့် ပိတောက် စသော အပင်ပေါင်း ၁၅၈၀ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

သစ်ပင်နှင့်လက်ဖက်ပင်များရှင်သန်ရေး စိုက်ပျိုးနည်းစနစ် ဖလမ်းမြို့တွင် ဟောပြော

ဖလမ်း ဇူလိုင် ၁၀

ချင်းပြည်နယ် ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသောသစ်ပင်နှင့် လက်ဖက်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရေး လက်တွေ့စိုက်ပျိုးနည်းစနစ် ဟောပြောပွဲကို ဇွန် ၂၄ရက် နံနက် ၁၀နာရီက ဖလမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးဟွတ်နဲ့နှင့် မြို့နယ်မန်နေဂျာတို့က လက်တွေ့သရုပ်ပြ ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ *(ခရိုင် ပြန်/ဆက်)*

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌာနိကာယသာသနာ့ဗိမာန်တော်ကျောင်းတိုက်ရှိ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသော ခုဒ္ဒကနိကာယ်ကျောင်းဆောင် ပြန်လည်ပြုပြင်ရန်အတွက် အမှတ် ၄၂၈ ဓမ္မာရုံလမ်း ၁၆/၃ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဦးတင်ဆွေ-ဒေါ်ချိုချိုမာမိသားစုက ငွေကျပ် တစ်သိန်း လှူဒါန်းရာ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင် ဦးမျိုးညွန့်တို့ လက်ခံယူကြစဉ်။ (က-ပ)

ဆိပ်ဖြူမြို့၌ ရေရရှိရေး ပိုက်လိုင်းသွယ်

ဆိပ်ဖြူ ဇူလိုင် ၁၉

ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ကဇွန်းမကျေးရွာစက်ရေတွင်း၊ လက်နှိပ်တုံကင်တွင်း၊ လက်တူးတွင်းများမှ ကျေးရွာသောက်သုံးရေဖြန့်ဝေပေးမှု၊ ရေတွင်းများပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ထားမှုနှင့် တိုးချဲ့ရေပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်မှုကို ဇူလိုင် ၁၆ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စားသောက်ဆိုင်နှင့် မုန့်ဖိုများတွင် ကျန်းမာရေးနှင့် ညီညွတ်စွာထုတ်လုပ်ရောင်းချမှုရှိ မရှိကို ဇွန်၉ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဒုတိယဦးစီးမှူး(အခွန်)ဦးထွန်းထွန်းလတ်နှင့်ကျန်းမာရေးဌာနမှ ဦးမျိုးမြင့်တို့ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပညာရေးထောက်ပံ့ပစ္စည်းများ သရက်၌ချီးမြှင့်

သရက် ဇူလိုင် ၁၀

သရက်ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်ပညာသင်ကြားလျက်ရှိကြသော ရပ်ကွက်အသင်းခွဲကိုးခု အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အပံ့ပစ္စည်းများနှင့် အသင်းဝတ်စုံ၊ ကျောင်းဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ရွှေလွင်က အမှာစကားပြောကြားပြီး ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို အသင်းခွဲများသို့ တာဝန်ရှိသူက ပေးအပ်ချီးမြှင့်ကြသည်။ (ဝ၇၄)

မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲဆုရသူများ ဆုချီးမြှင့်

မချမ်းဘော ဇူလိုင် ၈

ကချင်ပြည်နယ် မချမ်းဘောမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ဇွန် ၂၆ရက် မွန်းလွဲ ၂နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်ကျော်ထွန်းနှင့် မြို့နယ်တရားသူကြီး ဦးမြမင်းဟန်တို့က မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် တရားစီရင်ရေးဆိုင်ရာဥပဒေများကို ရှင်းလင်းပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူ ပူဇော်နိုင်ရန်အတွက် အမှတ် ၃၇၃၊အေ ဝါယာလက် ၁လမ်း ကမ္ဘာအေး မရမ်းကုန်းမြို့နယ်နေ ကိုအောင်မိုးညွန့်-မခိုင်ခိုင်ဝင်း၊ သမီး ယမင်းသက်နှင်း၊ ခိုင်ဇင်နွယ်မိုး မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးခင်မောင်အေး(အလှည့်ကျသဘာပတိ) ဦးထွန်းဝင်းနှင့် ဦးစောကြိုင်တို့ လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

ချောင်းဦး ခင်မွန်စံပြကျေးရွာ မင်းကျောင်းဆရာတော် လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများ အတွက် သက်န်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ချောင်းဦး ဇူလိုင် ၁၇

မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာ မင်းကျောင်းဆရာတော် ဘဒ္ဒန္တသုမန၏ (၆၅)နှစ်ပြည့်မွေးနေ့ ဝိဇာတ မင်္ဂလာအထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် အသက် ၈၀ကျော် ဘိုးဘွားများအား သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉နာရီက ခင်မွန် စံပြကျေးရွာ မင်းကျောင်း ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တသုမနက ဝိဇာတ မင်္ဂလာအထိမ်းအမှတ်အဖြစ် လှူဒါန်းရခြင်းနှင့် ပတ်သက်ပြီး ဩဝါဒကထာ မြွက်ကြား၍ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဦးပညာဝံသထံသို့ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများ အတွက် သင်္ကန်းဒွိစုံ ငါးစုံ၊ ထီးငါးလက်၊ ဖိနပ် ငါးရန်နှင့် မျက်နှာသုတ်ပဝါများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ယာပုံ)**

ဆက်လက်ပြီး ခင်မွန်စံပြကျေးရွာ အတွင်းရှိ အသက် ၈၀ကျော်ဘိုးဘွား ၅၂ ဦးအား အဝတ်အထည်နှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုတို့အတွက် ဒုတိယဥက္ကဋ္ဌဆရာတော် ဦးပညာဝံသက အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချ အမျှ ပေးဝေကြကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

သံဃာ့အဖွဲ့ အစည်းအဆင့်ဆင့် ဆရာတော်များထံမှ ဩဝါဒခံယူ ဆွမ်းဆန်တော်၊ ဆီနှင့်သက်န်းများ ဆက်ကပ်လှူဒါန်း

ဖန်းမော် ဇူလိုင် ၁၃

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးအမှူးပြုသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်များထံမှဩဝါဒခံယူပွဲအခမ်းအနားကို ဇူလိုင် ၆ရက် နံနက် ၈နာရီက ဖန်းမော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများက ဆရာတော်များထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်မြတ်များက မေတ္တသုတ် ပရိတ်တရားတော်မြတ်ကို ချီးမြှင့်ဟောကြားပြီး ဖန်းမော်မြို့ ကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝဆရာတော်က ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကလျာဏ ညောင်ပင်သာကျောင်း ဆရာတော်နှင့်တကွ ပင့်သံဃာ ၃၃ပါးတို့အား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ဆွမ်းဆန်တော်၊ ဆီနှင့် သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ကန်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝဆရာတော်မှ ရေစက်ချတရား ချီးမြှင့်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်ကော်မြို့ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကန္တရဝတီလမ်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇွန်၆ရက်က ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစည်သူ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောနိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ချောင်းဆုံ၌ဆောင်ရွက်

ချောင်းဆုံ ဇူလိုင် ၄

မွန်ပြည်နယ် ချောင်းဆုံမြို့ အရှေ့ရပ်ကွက်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အထက၊ အမက၊ မူကြိုကျောင်းများရှိ စာသင်ခန်းများ၊ ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းလုပ်ငန်းကို ဇွန် ၂၂ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် ချောင်းဆုံအရှေ့ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောင်းကုန်းမြို့နယ်၌ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုး

ကျောင်းကုန်း ဇူလိုင် ၁၅

၂၀၀၈ခုနှစ် မိုးစပါးစုပေါင်း ထွန်ယက်စိုက်ပျိုးပွဲကို ဇူလိုင် ၈ရက် နံနက် ၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးမခကျေးရွာအုပ်စု ကန်ဒေါင့်ကျေးရွာလယ်သမားကြီး ဦးအောင်ဝင်းလှိုင်၏ လယ်မြေ ငါးဧကတွင် မနော်သုခစပါး စုပေါင်းစိုက်ပျိုးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်ကြ၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူဦးကြီးများ၊ ကောက်စိုက်သမများ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တောင်သူဦးကြီးများနှင့် ကန်ဒေါင့်အမကတွင် တွေ့ဆုံ၍ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိန်တင်၊ မြို့နယ်လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာ ဦးထွန်းထွန်းဦးတို့က ပညာပေးဟောပြောပြီး ကျေးရွာ ဥက္ကဋ္ဌ ဦးကျော်ဝင်းက မိုးမခကျေးရွာအုပ်စုအတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေကို တင်ပြဆွေးနွေးကြောင်း သိရသည်။ **(၁၅၄)**

ပန်းအလှပင်များ အစားထိုးစိုက်ပျိုး

ကျောက်ကြီး ဇူလိုင် ၁၀

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးသည် ဇွန် ၂၀ရက်က ကျောက်ကြီး-နတ်သံကွင်းကားလမ်း မြို့အဝင်ဆိုင်းဘုတ် ပြုပြင်ခြင်းနှင့် မြို့အဝင် လမ်းဘေးဝဲယာ ရာသီပန်းအလှ အစားထိုးစိုက်ပျိုးခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်ရာသို့ ကွင်းဆင်းကြီးကြပ်၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၀၄၅)**

ကြေးပိဋကတ်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၁

ကြေးပိဋကတ်တော် သုတ္တန္တပိဋက ခုဒ္ဒကနိကာယ်ဝင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်း(လေ-ငြိမ်း)-ဇနီး ဒေါ်ခင်ဆွေညွန့် (ချယ်ရီ)မိသားစုက အကျိုးဆောင်၍ နှစ်ဖက်သောမိဘများအားအမှူးထားကာ အမှတ်၂၉ ကမ္ဘောဇရိပ်သာလမ်း ဗဟန်းမြို့နယ်နေ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ သား မောင်မင်းသက်တင်ထွန်းမိသားစု၊ နှစ်ဖက်သော ဘိုးဘွားများနှင့် မိဘနှစ်ပါးကို အမှူးထား၍ အမှတ် ၇၃ တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်နေ သားမောင်မင်းသက်တင်ထွန်း၊ သား မောင်အောင်ဇေယျတင်ထွန်း၊ ဧရာဝတီတိုင်း ဘိုကလေးမြို့ သုခဝတီဆန်စက်၊ မြတ်မင်္ဂလာဆန်စက်မှ ဦးဝင်းညွန့်-ဒေါ်သဇင်ဦး၊ သားမောင်အောင်ကိုသိန်းမိသားစု၊ ဦးထွန်းလင်းခြံလမ်း (၁)ရပ်ကွက် လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးသန့်ဇင်-ဒေါ်စံပယ်ဦး၊ သမီး မမေမြတ်မွန်ကျော်မိသားစု၊ စိန်နန်းတော် စိန်ရွှေရတနာဆိုင်မှ ဦးခင်မောင်ကြည်-ဒေါ်ယဉ်ယဉ်မွှေး၊ သမီးမခင်မီမီဇင်မိသားစု၊ ဦးခင်မောင်ကြည်-ဒေါ်ယဉ်ယဉ်မွှေး၊ သမီး မခင်မီမီဝင်းမိသားစု၊ အမှတ်၁၂၇(က) ဓမ္မစေတီလမ်း ဗဟန်းမြို့နယ်နေ ဒေါက်တာအောင်ကျော်ဝင်း-ဒေါ်သက်သက်ခိုင်၊သမီး မသက်ရတနာကျော်ဝင်း(ရွှေနန်းတော် စိန်ရွှေရတနာရွှေဆိုင်)၊ အမှတ်၃၁၉ မင်းဂေါင် ၁လမ်း တောင်ဥက္ကလာပ မြို့နယ်နေ ဦးအောင်ကြီး - ဒေါ်ထိပ်တင်သန်းဆွေ မိသားစု၊ ရန်ကုန်မြို့နေ ဦးခင်မောင်လတ်-ဒေါ်ယဉ်ညွန့်တို့အား အမှူးထား၍ သား ကိုသူရခိုင်၊ သမီး မခိုင်မေလတ်၊ မတိုးဝင်းလတ်၊ မဝင်းနွဲ့ခိုင်မိသားစု၊ ဦးဖကာရီ-ဒေါ်နန်းပိုးတစ်နှင့် ဦးလုံတို့အား ရည်စူး၍ အမေ ဒေါ်နန်းနွတ်ကို အမှူးထားပြီး တိုက် ၁၁ အခန်း-အေ၃(၃လွှာ) နဝဒေးလမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ နန်းဖောင်းစီ၊ မိဘနှစ်ပါးကိုအမှူးထားပြီး ဒေါ်သန်းသန်းဦး အားရည်စူး၍ အမှတ် ၉ လေဆိပ်ရိပ်သာ ပြည်လမ်း မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်မှူးသန်းထွန်း(လေ)၊သား မောင်သက်ဖြူကို၊ မောင်ဆွေသန့်ကို၊ သမီး မယဉ်ဖြူကို မိသားစု(ပို့ဆောင်ရေးဝန်ကြီးဌာန)၊ အမှတ် ၇၄ သံလွင်လမ်း ခရေပင်ရိပ်မွန် မင်္ဂလာဒုံ မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးသန်းဆွေ(လေ)-ဒေါ်ဌေးဌေး(ခ)ဒေါ်ခင်ဌေးဝင်း မိသားစု၊ စိန်ပန်းမြိုင်ရိပ်သာ ၈မိုင် မရမ်းကုန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(လေ)-ဒေါ်မာမာအေးမိသားစု၊ ဖေဖေ ဦးခင်ဇော်-မေမေ ဒေါ်ခင်မျိုးသွယ်တို့အား ရည်စူး၍ တိုက်၉ အခန်း၁၃ မလိခအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ သမီး မနွယ်နီဇော်၊ ခင်ပွန်း ဦးထွန်းထွန်း သုံးနှစ်ပြည့်အား ရည်စူး၍ တိုက်၉ အခန်း၁၃ မလိခအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ဇနီး ဒေါ်နွယ်နီဇော်၊ တိုက်၉ အခန်း၃၁ မလိခအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ဦးဟုန်စိန်-ဒေါ်စန်းစန်းမေ မိသားစုတို့ကကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြား ၁၆ချပ် လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကာလတန်ဖိုးတိုးမြှင့်နေပါ၍ ကြေးပြားတစ်ချပ် လျှင်အလှူငွေကျပ် ၂၆၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅နှင့် ၀၉-၅၁-၉၅၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေဘိုမြို့တွင်း အောင်ဇေယျလမ်းမကြီးပေါ်ရှိ ကားလေးကွင်းမှ ဟုတ်စိန်ကွေ့ကြားပလက်ဖောင်းများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဇူလိုင် ၁ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းမင်းလတ်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောင်းနေရန်ခက်ခဲသော ချို့တဲ့ကျောင်းသူကျောင်းသားများ ပညာသင်စရိတ်နှင့်ဝတ်စုံများ အောင်မြေသာစံ၌ထောက်ပံ့

မန္တလေး ဇူလိုင် ၁၀

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တတိယအကြိမ် ဦးမောင်မောင်စီ(စည်သူမြန်မာ ပညာရေးဖောင်ဒေးရှင်း)မှ မြို့နယ်အတွင်း ကျောင်းနေရန်ခက်ခဲသော ချို့တဲ့ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ဖိနပ်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန်၂၀ရက် နံနက်၁၀နာရီက အောင်မြေသာစံမြို့နယ် အထက(၂၁)ကျောင်း ခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်ဝင်းတို့က အမှာစကားပြောကြားကြပြီး အလှူရှင်(ဦးမောင်မောင်စီ)-ဒေါ်စန်းစန်းဦး (စိန်ဖြိုးပဲခွဲစက်)၊ သားသမီး မိသားစုက အမက(၁၂)၊ (၃၇)၊ (၃၈)၊ (၄၀)၊ ဥဿျစ်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အထက(၂၁)တို့မှ ချို့တဲ့ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၀တို့အား အလှူငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ ကျောင်းဝတ်စုံ၊ ဖိနပ်၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်တို့ကို တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်း၍ အလှူရှင်က အထက(၁၃) တက္ကသိုလ်ဝင်တန်းကျောင်းသူ မနုဝေအောင်(မွေးရာပါ လက်နှစ်ဖက်ချို့တဲ့သူ)အား ငွေကျပ် ၈၂၀၀၀တန်ဖိုးရှိ စက်ဘီးတစ်စီး ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၁၃)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)
ပန်းဘဲတန်းမြို့နယ်တရားရုံးတော်၌
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၁

ရိုးမဘဏ်လီမိတက် **နှင့်** ဦးမျိုးဇင်
တရားလို **တရားပြိုင်**

တရားပြိုင် ဦးမျိုးဇင် အမှတ်-၃၀၂/စီ ငါးလွှာ အနော်ရထာလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက်က ရိုးမကတ်ဖြင့် သုံးစွဲထားသော ငွေကျပ်၁၂၈၄၇၆၂၊၁၇ပြား (ငွေကျပ်တစ်ဆယ့်နှစ်သိန်းရှစ်သောင်းလေးထောင်ခုနစ်ရာခြောက်ဆယ့်နှစ်ကျပ်နှင့်တစ်ဆယ့်ခုနစ်ပြားတိတိ) ရလိုကြောင်း လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဩဂုတ် ၈ရက်(၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇူလိုင် ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန္တာညွန့်(တ/၂၇၂၂)
ဒုတိယမြို့နယ်တရားသူကြီး၊
ပန်းဘဲတန်းမြို့နယ်တရားရုံး။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းကြေညာခြင်း

ကျွန်တော် ဦးတင့်ရွှေ (ဘ) ဦးသိန်းကျော် ၁၃/တကန(နိုင်)၀၄၄၂၂၂နှင့် ဒေါ်အေးဆွေ(ဘ)ဦးတင်ဦး(ခ)ချွန်တာဗှာ ၁/မကတ (နိုင်) ၀၂၈၉၀၈တို့သည် ၆-၆-၂၀၀၈ရက်မှစ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးတင့်ရွှေ။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇူလိုင် ၂၁

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၈၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာ တွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဉပဒေ-၂၀)
ပန်းဘဲတန်းမြို့နယ်တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၀

ရိုးမဘဏ်လီမိတက် **နှင့်** ဒေါ်ချိုချိုမာ
တရားလို **တရားပြိုင်**

တရားပြိုင် ဒေါ်ချိုချိုမာ အမှတ် ၁၄ မဟာဘောဂလမ်း မြေနီကုန်းရပ်ကွက် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက်က ရိုးမကတ်ဖြင့် သုံးစွဲထားသော ငွေကျပ် ၁၁၅၉၇၅၆ ကျပ် ၃၂ ပြား(ငွေကျပ်တစ်ဆယ့်တစ်သိန်းငါးသောင်းကိုးထောင်ခုနစ်ရာ့ငါးဆယ့်ခြောက်ကျပ်နှင့်သုံးဆယ့်နှစ်ပြားတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန္တာညွန့် (တ/၂၇၂၂)
ဒုတိယမြို့နယ်တရားသူကြီး၊
ပန်းဘဲတန်းမြို့နယ်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့် -၅၊ နည်းဉပဒေ-၁နှင့်၅)
မြောက်ဥက္ကလာပမြို့နယ်တရားမရုံး၌
၂၀၀၈ ခုနှစ် တရားမကြီးအမှုအမှတ်- ၁၂

ဦးသာညိုအောင် **နှင့်**
(၁) ဒေါ်တင်ကြွယ်
(၂) ဦးနီအေး
(၃) ဒေါ်တင်တင်ထွေး
(၄) မသန်းချစ်
(၅) မမီးမီး

တရားလို **တရားပြိုင်များ**

(၁) မသန်းချစ် (၂) မမီးမီး(ကွယ်လွန်သူ ဦးလှချစ်၏သမီးများ) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသာညိုအောင်က အမွေပုံစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၈ခုနှစ် ဇူလိုင်၂၂ရက်(၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူတရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်ထွန်း(တ-၁၈၄၇)
မြို့နယ်တရားသူကြီး၊
မြောက်ဥက္ကလာပမြို့နယ်တရားရုံး။


Civil Service Selection and Training Department

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ပဲခူး ဇူလိုင် ၁၉

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အလင်းရောင်(၁) ၁၅လမ်းရှိ မင်္ဂလာရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတွင်ပဲခူးတိုင်း၊ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၇ရက် နံနက်၈နာရီက ယင်းကျောင်းတိုက်၌ကျင်းပသည်။

ယင်းနောက် ပဓာနနာယက ဆရာတော် ဓမ္မကထိကဗဟုဇနဟိတရေ ဘဒ္ဒန္တနန္ဒဝံသက ငါးပါးသီလချီးမြှင့်ပြီး ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နိုင်နိုင်မော်က ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ခြင်း၊ ဆန်၊ ဆီများ ဆက်ကပ်လှူဒါန်းသည်။ (ဝပုံ)

လှူဒါန်း

ဆက်လက်၍ ပဲခူးတိုင်း၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကံပြားကြီးကျေးရွာ ပေကုန်းရပ် စံပြဝတီကျောင်းတိုက် အုတ်တံတိုင်းတည်ဆောက်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်(စျ)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)တို့က အလှူငွေကျပ် နှစ်သိန်းကို ကျောင်းထိုင်ဆရာတော် ဦးရာစိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။(၁၁၈)

ကျောက်ဖြူမြို့ လေပွေ့လမ်းတစ်လျှောက် ပန်းအလှပင်စိုက်ပျိုး

ကျောက်ဖြူ ဇူလိုင် ၁၀

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများ ဇွန်၁၆ရက်က ကျောက်ဖြူမြို့ လေပွေ့လမ်းတစ်လျှောက် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်ခင်ထွေး ကြီးကြပ်ပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၂၁ ရက်က ချင်းပြည်နယ် ဟားခါးမြို့ နာရီစင်အနီး မတူပီသွားလမ်းမကြီးတစ်လျှောက်တွင် ဒုတိယဦးစီးမှူး ဒေါ်ကျိန်ရှုင်းနဲမ်း ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် မြို့တွင်းသန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့နယ်စည်ပင် ရေပန်းအလှ တည်ဆောက်

ကန့်ဘလူ ဇူလိုင် ၁၂

ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်ပြီးစီးသော အင်ကြင်းကျောက်ဆောင်နှင့် ရေပန်းအလှ တည်ဆောက်ထားရှိမှုကို ဇွန် ၁၀ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်က လုပ်ငန်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၁၃)ရပ်ကွက် အောင်သီရိလမ်း သစ်သားတံတား ပြင်ဆင်ခြင်းလုပ်ငန်းကို လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နီနီအောင် ကြီးကြပ်ဆောင်ရွက်ရာသို့ ဇူလိုင်၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မိုးညှင်း၌ဆောင်ရွက်

မိုးညှင်း ဇူလိုင် ၂၁

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်စာသင်ကျောင်းများ၌ မိုးရာသီတွင် ခြင်များကြောင့် ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၉ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြပ်မတ်မှုဖြင့် အင်ဂျင်နီယာများ၊ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန် ကြည့်ရှုအားပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၁

ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ကြီးကြပ်မှုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ အစည်းအဝေးတွင် ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်(**အပေါ်ပုံ**)နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ရတနာပုံတယ်လီပို့တို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

နိုင်ငံတော်ရဲ့ ဥပဒေတစ်ရပ်နှင့်စပ်လျဉ်းပြီး ပြောဆိုရာမှာပဲဖြစ်ဖြစ်၊ အနက်အဓိပ္ပာယ်ကောက်ယူကြရာမှာပဲ ဖြစ်ဖြစ် ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အတိုင်းသာ ပြောဆိုရ၊ အဓိပ္ပာယ် ကောက်ယူကြရမှာပါ၊ ဥပဒေမှာ မပါဘဲ ကိုယ်လိုရာဆွဲ ပြောကြ၊ ဆိုကြ၊ အဓိပ္ပာယ်ကောက်ယူကြလို့ ဘယ်ရမှာလဲသမီး။

နိုင်မြင့်(တောင်သာ)၏ ဆောင်းပါး စာ - ၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။